ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ (8-3-2006) (၄၈၃၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေပီဂျေအဗ္ဗဒူလ်ကလမ်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း



ဒေါက်တာအဗူလ်ပါကီ ဂျေနူလက်ဘ်ဒီးန် အဗ္ဗဒူလ် ကလမ်သည် ၁၉၃၁ခုနှစ် အောက်တိုဘာလ ၁၅ရက်နေ့တွင် တမီးလ်နာဒူးလ်ပြည်နယ် ရာမက်စ်ဝါရမ်မြို့၌ မွေးဖွားခဲ့ပြီး မဒရပ်စ်နည်းပညာတက္ကသိုလ်တွင် လေကြောင်းသိပ္ပံအင်ဂျင်နီယာ ပညာရပ်ကို အထူးပြုလေ့လာသင်ကြားခဲ့သည်။ ဒေါက်တာကလမ်သည် ၁၉၈၀ပြည့်နှစ် ဇူလိုင်လက ရိုဟီနီးခေါ်ဂြိုဟ်တုအား ကမ္ဘာပတ်လမ်းအနီးသို့ အောင်မြင်စွာ ပစ်လွှတ်ပေးနိုင်ခဲ့သည့် အိန္ဒိယနိုင်ငံ၏ ပထမဦးဆုံး ပြည်တွင်းလုပ် ဂြိုဟ်တုလွှတ်တင်ယာဉ် (အက်စ်အယ်လ်ဗွီ-၃) တည်ဆောက်ရေးတွင် စီမံကိန်းဒါရိုက်တာအဖြစ် အရေးပါသော ကူညီပံ့ပိုးမှုများပေးခဲ့ပြီး အိန္ဒိယနိုင်ငံအား ကမ္ဘာ့အာကာသကလပ်၏ သီးသန့်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်လာအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ ၎င်းသည် အိန္ဒိယအာကာသ သုတေသနအဖွဲ့(အိုင်အက်စ်အာအို)၏ ဂြိုဟ်တုလွှတ်တင်ယာဉ်လုပ်ငန်းအစီအစဉ် ပေါ်ထွန်းဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်း တာဝန်ယူဆောင်ရွက်ခဲ့သည်။ အိုင်အက်စ်အာအိုအဖွဲ့တွင် ဆယ်စုနှစ်နှစ်စုခန့်လုပ်ကိုင်ခဲ့ပြီးနောက် ဒေါက်တာကလမ်သည် ကာကွယ်ရေး သုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့(ဒီအာဒီအို)တွင် ပြည်တွင်းလုပ် အဝေးထိန်းဒုံးကျည်လုပ်ငန်းအစီအစဉ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ယင်းအစီအစဉ်၏ အမှုဆောင်အကြီးအကဲချုပ်အနေဖြင့် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၎င်းသည် ၁၉၉၂ခုနှစ် ဇူလိုင်လမှ ၁၉၉၉ခုနှစ် ဒီဇင်ဘာလအထိ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ကာကွယ်ရေးသုတေသနနှင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကန့်ဘလူတပ်နယ်နှင့် ဌာနဆိုင်ရာများ ခြစ်စည်းရိုးကြက်ဆူပင် ပျိုးထောင်မှုကြည့်ရှု မိုးလုံလေလုံအားကစားခန်းမနှင့် မြို့မဈေးသစ် တည်ဆောက်ရေးလုပ်ငန်းခွင် စစ်ဆေး

ရန်ကုန် မတ် ၇

ကန့်ဘလူမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂ ရက် နံနက် ၇ နာရီတွင် ကန့်ဘလူတပ်နယ်ရှိ ခြစ်စည်းရိုး ကြက်ဆူပင်ပျိုးဥယျာဉ်သို့ ရောက်ရှိလာရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမိုးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကန့်ဘလူမြို့အနီးမှ တူးဖော်တွေ့ရှိခဲ့သော အင်ကြင်းကျောက်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကန့်ဘလူတပ်နယ် ခြစ်စည်းရိုးကြက်ဆူပျိုးဥယျာဉ်၌ မျိုးစေ့ ၂၁၂၉၅၊ မျိုးကိုင်း ၁၀၀၀၀ နှင့် ပျိုးပင် ၂၀၀၀၀ ပျိုးထောင်ထားမှုကို လည်းကောင်း၊ ကန့်ဘလူမြို့နယ် ဌာနဆိုင်ရာများ၏ ခြစ်စည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်အတွင်း မျိုးစေ့၊ မျိုးကိုင်းတစ်သိန်းခွဲနှင့် ပျိုးပင် ၃၂၀၀၀ ပျိုးထောင်ထားရှိမှု အခြေအနေကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကန့်ဘလူမြို့နယ် မိုးလုံလေလုံအားကစားခန်းမ တည်ဆောက်ရေး

စာမျက်နှာ ၈ ကော်လံ ၃ သို့ ✳

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

3-3)01.P65 1 32/7/2, 2:17 PM

ကြေးမုံ The Mirror
၈–၃–၂၀၀၆
(ဗုဒ္ဓဟူးနေ့)

ရေလှောင်ကန်မျှတွင်းများမှ စိုက်ပျိုးရေကိုအသုံးပြု စပါး၊ အခြားသီးနှံနှင့် ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုး

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားညီအစ်ကို မောင်နှမများ အားလုံး ရေရှည်အကျိုးဖြစ်ထွန်းရေး၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးတို့ကိုမျှော်မှန်းပြီး တစ်နိုင်ငံလုံး အကျိုးစီးပွားနှင့်နယ်မြေဒေသအသီးသီး၏ အကျိုးစီးပွား မျှတစွာ ဖြစ်ထွန်းလာစေရန် အဘက်ဘက်က ဖန်တီးဖော်ဆောင် ပေးလျက်ရှိသည်။

သာဓကအားဖြင့် စစ်ကိုင်းတိုင်းတွင် နိုင်ငံတော်က ရင်းနှီး တည်ဆောက်ပေးထားသည့် ရေလှောင်တမံများနှင့် မြစ်ရေတင် လုပ်ငန်းများ၏ အကျိုးသက်ရောက်မှုကြောင့် မိုးစပါး၊ နွေစပါးနှင့် သီးနှံစုံတိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ ယခုအခါ စစ်ကိုင်းတိုင်းသည် စပါးအထွက် တင်းသိန်း ၅၀၀ ကျော် ပိုလျှံထွက်ရှိနေပြီး အထက်မြန်မာပြည်၏ စပါးကျီအဖြစ် ဒေသဝမ်းစာဖူလုံမှုကို အထောက်အကူ ပြုလျက်ရှိသည်။

နိုင်ငံတော်က ပြည်နယ်၊ တိုင်းဒေသအသီးသီး၌ စိုက်ပျိုးရေရရှိရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးတို့အတွက် ဆည်တမံ စီမံကိန်းလုပ်ငန်းကြီး အများအပြားကို တည်ဆောက်ပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးမြေ ဧက အနည်းငယ်သာ ပေးဝေနိုင်သည့် ဆည်ငယ်၊ ကန်ငယ်များ၊ ရေလှောင်ကန်မျှ တွင်းများကိုလည်း နယ်မြေဒေသအလိုက် တီထွင်ကြံဆ ဖန်တီး ဖော်ဆောင်ပေးနေကြောင်း တွေ့ရသည်။ တောင်သူလယ်သမားများ အနေဖြင့် ယင်းသို့သော စိုက်ပျိုးရေရရှိမှု အခြေခံကောင်းများကို အပြည့်အဝ အသုံးချ၍ စပါးနှင့် အခြားသီးနှံများ တိုးချဲ့စိုက်ပျိုးကြရန် လိုအပ်ပေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင် များနှင့်အတူ မတ်လ ၁ ရက်နေ့က မုံရွာမြို့နယ်သို့သွားရောက်၍ ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး ရေလှောင်ကန်မျှတွင်းများမှ စိုက်ပျိုးရေများကိုအသုံးပြု၍ ယာမြေစနစ်မှ လယ်မြေ စနစ်ဖြစ်ရန် ကြိုးပမ်းရေး၊ ပဲစင်းငုံ၊ နှမ်း စသည့်သီးနှံများအပြင် ခြံစည်းရိုးကြက်ဆူပင်များကိုပါ တိုးချဲ့စိုက်ပျိုးရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသွားသည်။

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် မြေနတ်ကျေးရွာအုပ်စုအတွင်း ရေလှောင်ကန်မျှတွင်းများကို တူးဖော်ပေးလျက်ရှိရာ ရေလှောင်ကန်မျှတွင်း အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃)တို့မှ တစ်နာရီလျှင် ရေဂါလန် ၄၇၈၀၀ ထွက်ရှိနေပြီး တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေနှင့် ကျေးရွာများသို့ သောက်သုံးရေများ ပေးဝေလျက်ရှိသည်။

ဒေသခံတောင်သူများအနေဖြင့် ပဲစင်းငုံ၊ နှမ်းစသည့် ယာသီးနှံ များအပြင် ရေလှောင်ကန်မျှတွင်းများမှ ရေသွယ်ယူပြီး စပါးကိုပါ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ ထို့အပြင် ကျေးလက်ပြည်သူများလည်း ဝင်ငွေတိုး၊ ဇီဝဒီဇယ်ဆီလည်း ထုတ်ယူ ရရှိနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို မြေလွတ်မြေရိုင်းများတွင် စိုက်ခင်းကြီးများ ထူထောင်စိုက်ပျိုးနိုင်ရေး စီမံ ဆောင်ရွက်လျက်ရှိသည်။

အရာတော်မြို့နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ခင်းတွင် ကြက်ဆူပင် ရှစ်ထောင်ကျော် စိုက်ပျိုးပြီးစီးနေပြီး ဌာနဆိုင်ရာများနှင့် တောင်သူလယ်သမားများက ကိုင်းဖြတ်စိုက်ပျိုးခြင်း၊ မျိုးစေ့ပျိုးခြင်း၊ မျိုးကိုင်းပျိုးခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လျက် ရှိသည်။

ခြံစည်းရိုးကြက်ဆူပင်မှရရှိသည့် ဇီဝဒီဇယ်ဆီကို လယ်ထွန်စက်၊ ရေတင်စက်နှင့် လျှပ်စစ်ဓာတ်အားပေးစက်တို့တွင် သုံးစွဲ နိုင်သည့်အပြင် ကြက်ဆူစေ့ကြိတ်ဖတ်များကို သဘာဝမြေဩဇာအဖြစ်ပါ အသုံးပြု နိုင်သဖြင့် တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ကျေးရွာ မီးလင်းရေးတို့တွင် အထောက်အကူပြု သုံးစွဲသွားနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ တောင်သူလယ်သမားများနှင့် ဒေသဆိုင်ရာ တာဝန် ရှိသူများအနေဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေးဆိုင်ရာ အားပေးပံ့ပိုးမှုများ နှင့်အညီ ဆည်တမံများ၊ မြစ်ရေတင်လုပ်ငန်းများနှင့် ရေလှောင်ကန်မျှတွင်းများမှ စိုက်ပျိုးရေကို အကျိုးရှိရှိအသုံးပြုပြီး စပါးနှင့် အခြားသီးနှံများအပြင် ခြံစည်းရိုးကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုးသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်း ဆောင်ရွက်ရေး၊
၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊
၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊
၄။ ဒို့တာဝန်အရေးသုံးပါးကိုကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊

အနန္တောအနန္တ ငါးပါးတို့၏ဂုဏ်တော် ကျေးဇူးတော်တို့ကို အာရုံပြု၍ ဦးခေမာနန္ဒ (ဓမ္မရတနာကျောင်း–အမရပူရ)နှင့် ဆွေမျိုးမိတ်သင်္ဂဟတို့၏ ကောင်းမှု ဒဂုံမြို့နယ်၊ အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော် တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အဆောက်အအုံ အတွက် အလှူတော်ငွေကျပ် တစ်သိန်းကို တိပိဋကဆရာတော် ဘဒ္ဒန္တကုမာရာ စရိယထံအနုမောဒနာတရားနာယူပြီး တိ=နိ (ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစောလှမင်းအား ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

ရန်ကုန် မတ် ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစောလှမင်း အား ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက် ပြီးဖြစ်သည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစောလှမင်းအား စပိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

ရန်ကုန် မတ် ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစောလှမင်း အား စပိန်နိုင်ငံဆိုင်ရာအထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ကုန်သည်/ စက်မှုအသင်းချုပ် ဥက္ကဋ္ဌနှင့် ကိုရီးယားစီးပွားရေးသံမှူး တွေ့ဆုံဆွေးနွေး

ရန်ကုန် မတ် ၇

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များ နှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌဦးဝင်းမြင့်အား မြန်မာ နိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံး စီးပွားရေးဌာန (KOTRA) မှစီးပွား ရေးသံမှူး Mr. Jae-Ho, OH နှင့် လက်ထောက်စီးပွားရေးသံမှူး Mr. Jong-Sang, Kim တို့သည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုမြန်မာ နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ စီးပွား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ ကိုရီးယားနိုင်ငံတွင် ကျင်းပသော ကုန်စည်ပြပွဲများသို့ မြန်မာနိုင်ငံမှ စီးပွား ရေးလုပ်ငန်းရှင်များ ပါဝင်ပြသရေးကိစ္စ၊ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် လာရောက်၍ စီးပွားရေးလုပ်ငန်းများ အတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စများကိုရင်းနှီးစွာဆွေးနွေးကြသည်။

(အောက်ပုံ) (သတင်းစဉ်)

ရွှေကျင်မြို့နယ်အသင်း ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၇

၂၀၀၆ခုနှစ်တွင်နိုင်ငံတော်မှဆက်ကပ် လှူဒါန်းသော အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်း၊ ရွှေကျင်မြို့ မင်းကွန်းမဟာသတိ ပဋ္ဌာန် ကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကလျာဏအား ရွှေကျင်မြို့နယ် အသင်း (ရန်ကုန်)က ဂုဏ်ပြုပူဇော်ပွဲကို မတ် ၁၄ရက် (အင်္ဂါနေ့)မွန်းလွဲ ၂ နာရီတွင် ရွှေကျင်မြို့နယ်ဓမ္မာရုံ ရွှေတိဂုံဘုရားလမ်း ဒဂုံမြို့နယ်၌ ကျင်းပမည် ဖြစ်သည်။

မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြည်ညို ပူဇော်နိုင်ကြရန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း လိုသူများသည် ဥက္ကဋ္ဌ ဦးမြင့်ဆွေ ဖုန်း–၂၉၀၈၃၈၊ ဓမ္မာရုံဖုန်း–၂၄၁၈၃၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ထူးခြားသည့် နေ့အပူချိန်များ

(၇–၃–၂၀၀၆)

မင်းဘူး၊မကွေးနှင့်အောင်လံ

၃၉ဒီဂရီစင်တီဂရိတ်စီ

(၁၀၂ဒီဂရီဖာရင်ဟိုက်)

အိုအေစစ်ပမာ စိမ်းလန်းသာယာနေသည့် အညာမြေ

မောင်မိုးယံ

ပခုက္ကူမြို့သို့ ဝင်သည်နှင့် “တမာလမ်းက ပြန်ခဲ့ပါ”ဆိုသောသီချင်းကို သတိရမိသည်။ မြို့အစ အဆုံး စိမ်းညို့သော တမာပင်တန်းများက တစ်ပင်နှင့် တစ်ပင် သွယ်ယှက်ကာ အညာကို တမာဖြင့် လွှမ်းခြုံထားလေသည်။

“အညာတမာလွှမ်းရမည်”ဆိုသော ဆိုင်းဘုတ်များ၊ လမ်းတစ်လျှောက် မြင်တွေ့ရပြန်သဖြင့် စီမံချက်ချ၍ အရိပ်ရပင် စိုက်ပျိုးရေးနှင့် တမာဆပ်ပြာ ထုတ်လုပ်ရေးလုပ်ငန်းကိုလည်း ဆောင်ရွက်နေကြောင်း သိသာသည်။ ပခုက္ကူမြို့အဝင်တွင် ကုက္ကိုလှ မြစ်ရေတင် စီမံကိန်းကို တွေ့ခဲ့ရသည်။

ပခုက္ကူ၏ ထူးခြားချက်က ရာသီဥတုပူပြင်းခြင်း ဖြစ်သည်။ သို့သော် ယခုခရီးတစ်ခေါက်တွင် ပူသည်ဟု မထင်၊ ဖုန်မှုန့်မတင်ဘဲ စိမ်းလန်းသော တမာရိပ် တမာလမ်းက ဖြတ်သန်းခဲ့ကြ၍ဖြစ်သည်။

ပခုက္ကူမှ မုံရွာကားလမ်းတစ်လျှောက် ထနောင်းပင်များနှင့် တမာပင်များ အစီအရီ တွေ့ခဲ့ရသည်။ ရွှေဘို သနပ်ခါးနှင့်အပြိုင် ရှင်မတောင် သနပ်ခါး ထွက်ရာ ရှင်မတောင်ထိပ်၌ စံပယ်လျက်ရှိသော သရက္ခန် ရွှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်ကို အဝေးမှ ဖူးမြော်ခဲ့သည်။ ပခုက္ကူမှ မန္တလေးသို့သွားရာ ကားလမ်းသည် လွန်ခဲ့သော ငါးနှစ်ကမှ အကောင်အထည် ဖော်ခြင်းဖြစ်သည်။ ရေလမ်းသာရှိခဲ့သော ပခုက္ကူ၊ မန္တလေးခရီးသည် ယခုအခါ ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတားကြီးကိုဖြတ်၍ နေ့ချင်းပြန် ကူးလူးသွားလာကြလေပြီ။

ချောင်းဦးမြို့အလွန် မုံရွာမြို့နယ်အစတွင် တစ်ခွင်တစ်ပြင်လုံး စိမ်းစိုနေသော လယ်ကွင်းများကို မြင်ရသဖြင့် အံ့သြရပြန်သည်။ “အဲဒါက စက်ရေတွင်းတွေက ပေးတဲ့ရေနဲ့ စိုက်တာလေ”ဟု ကားသမားက ဆိုပါသည်။ စက်ရေတွင်းဆိုသည်မှာ စစ်ကိုင်းတိုင်း မုံရွာခရိုင်အတွင်းမှာ မြေအောက်မှ ရေကို စက်ဖြင့်တူးကာ လျှပ်စစ်ဓာတ်အားဖြင့် ရေပေးရေးစီမံကိန်းဖြစ်သည်။

ပခုက္ကူမှ မုံရွာမြို့အရောက် ကားလမ်းခရီးသည် သုံးနာရီသာကြာသည်။ မုံရွာဟိုတယ်တွင် ညအိပ်ရပ်နားပြီးနောက် တစ်နေ့နံနက် ၇ နာရီတွင် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ ခရိုင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဝင်းနှင့် အဖွဲ့၏အစီအစဉ်ဖြင့် အရာတော်မြို့သို့ သွားရောက်ကြသည်။ အရာတော်မှ ရွှေဘိုမြို့သွားရာ ၁၀ မိုင်ခန့်အကွာ ကားလမ်းညာဘက်တွင်ရှိသော မြေနတ်ရွာမှ ရေလျှံတွင်းကို ဝင်ရောက်ကြည့်ရှုကြသည်။ ခြောက်သွေ့ပူပြင်းလှသော ဒေသတွင် မြေပြင်အထက်သို့ ၁၅ ပေခန့် ရေလုံးကြီးများ တဖွားဖွားတက်နေပုံမှာ အားရဖွယ်ရာ ဖြစ်နေတော့သည်။ အလိုအလျောက် လျှံတက်နေသော ရေတွင်းကို လေးလက်မပိုက်ဖြင့် ဆက်၍ ပေ ၂၀၀ ပတ်လည် အကျယ် ရှိသော ကန်ထဲသို့ ရေသွင်းကာ ထိုမှတစ်ဆင့် ရေမြောင်းများမှ လယ်ယာများသို့ ရေပေးသွင်းလျက်ရှိပုံကို မြင်တွေ့ခဲ့ရလေသည်။

ထိုကဲ့သို့ ရေလျှံတွင်းမျိုး အရာတော်ဒေသမှာ သုံးတွင်းရှိနေပြီဟု သိရသည်။ ၂၀၀၅ ခုနှစ်စတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ အစီအစဉ်ဖြင့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ တာဝန်ယူခဲ့သော တွင်းနှစ်တွင်းမှာ အားရကျေနပ်ဖွယ်ရာ ရေထွက်ရှိသဖြင့် ဒေသခံပြည်သူတို့ ထူးထူးကဲကဲ ပျော်ရွှင်နေကြသည်ဟုသိရသည်။ မူးမြစ်ကို မြင်သာမြင်ရ မကြင်ရပါဟု အရာတော်သားတစ်ဦးကဆိုခဲ့ရာ ယခုအခါ မကျီးစောက် မြစ်ရေတင်စီမံကိန်းကို အကောင်အထည်ဖော်၍ လယ်မြေသို့ရေတင်နိုင်ရန်စတင်ဆောင်ရွက်လျက်ရှိသလို ရေလျှံတွင်းမှ ရေဖြင့်စိုက်ပျိုးရေးနှင့် သောက်သုံးရေကို မပူမပင်ရရှိနေကြလေပြီ။

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ရေလျှံတွင်းဖြစ်သည်။ မြေရှိလျှင် ရေရှိသည်ဟု ထင်တတ်ကြသော လူတို့၏အမြင် မှန်သော်လည်း ရေအလုံအလောက်ရှိဖို့နှင့် ရေကောင်းရေသန့် ထွက်ရှိဖို့ဆိုတာ နေရာဒေသတိုင်းမှာ မဖြစ်နိုင်ပါဟု ဘူမိဗေဒပညာရှင်တို့က ဆိုပါသည်။ ထိုသဘောတရားအနက် ရေလျှံတွင်းထွက်ရှိမှုက ဆန်းကြယ်နေသည်။ မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း ဒေသအချို့မှာ ရေလျှံတွင်းများရှိနေသည်ဟု ကွင်းဆင်းတိုင်းတာမှုအရ သိရှိရသော်လည်း စိုက်ပျိုးရေနှင့်သောက်သုံးရေ အလုံအလောက်ရရှိနိုင်သော ရေလျှံတွင်းများမှာ စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်နှင့် အရာတော်ဒေသမှာသာ ရှိသည်ဟုသိရသည်။

၁၉၉၄ခုနှစ်တွင် ယင်းမာပင်ဒေသသို့ နိုင်ငံတော်အကြီးအကဲ သွားရောက်စဉ်တွင် မြေမှ ရေများအလိုအလျောက်လျှံနေသော မြင်ကွင်းကို တွေ့ရသဖြင့် တွင်းများတူးကာ ကန်များဖြင့်စုဆောင်း၍ စိုက်ပျိုးရေနှင့် သောက်သုံးရေပေးနိုင်ပါက အကျိုးရှိမည်ဟု လမ်းညွှန်ခဲ့သဖြင့် မုံရွာခရိုင်တွင် ရေလျှံတွင်း ၃၆၀ မှ ၉၉ ကန် ရေပေးဝေရေးစီမံကိန်းများ ပေါ်ပေါက်ခဲ့သည်ဟု သိရ

ရေပေးမြောင်းနှင့် စပါးခင်း

မုံရွာမြို့နယ် စက်ရေတွင်းမှ ရေပေးမြောင်းနှင့် စပါးခင်းကို တွေ့ရစဉ်။

သည်။ ယင်းမာပင်ဒေသတွင် အလိုအလျောက်ရေလျှံတွင်း ၉၆ ကန်နှင့် ဆားလင်းကြီးဒေသတွင် သုံးကန်ရှိသည်။ အဆိုပါရေလျှံတွင်းများမှ လယ်မြေ ၈၁၈၁ဧကသို့ ရေပေးသွင်းလျက်ရှိသည်။

မြေအောက်ရေကို အကျိုးရှိစွာ အသုံးချနေသော လုပ်ငန်းမှာ မုံရွာ ခရိုင်တွင် ၉၉ ကန် ရေလျှံတွင်းနှင့် လျှပ်စစ်စက်ဝိုင်း စက်ရေတွင်းမှ ရေပေးရေးလုပ်ငန်း နှစ်ရပ်ရှိသည်ဟုဆိုပါသည်။ မုံရွာမြို့သို့ ဝင်ရောက်သော နေ့ကတွေ့ခဲ့ရသော စက်ရေတွင်းမှရေပေးရေးစီမံကိန်းများကို UNDP အကူအညီဖြင့် ၁၉၇၈ခုနှစ်တွင် စတင်စမ်းသပ်တူးဖော်ခဲ့ရာ ၁၉၈၃ခုနှစ်တွင် အကောင်အထည်ပေါ်ခဲ့ပြီး မုံရွာခရိုင်အတွင်း စက်ဝိုင်း လေးခု၊ ရေတွင်းပေါင်း ၁၄၁တွင်းမှ လယ်မြေဧက ၁၅၀၀၀ ကျော်ကို ရေပေးဝေလျက်ရှိသည်။

စက်ဝိုင်းဆိုသည်မှာ လျှပ်စစ်ဓာတ်အားခွဲရုံတစ်ခုစီမှ ထုတ်လွှတ်သော လျှပ်စစ်ဓာတ်အားဖြင့် ရေစုပ်ယူ

အရာတော် မြေနတ်ရွာမှ အလိုအလျောက် လျှံထွက်နေသော ရေလျှံတွင်းကို တွေ့ရစဉ်။

အသုံးပြုမှုအပေါ် တွင်းအမှတ်များသတ်မှတ်ကာ စက်ဝိုင်းအမှတ်(၁)၌ ၃၁တွင်း၊ အမှတ်(၂)၌ ၃၇တွင်း၊ စက်ဝိုင်း(၃)၌ ၃၈တွင်း၊ စက်ဝိုင်း(၄)၌ ၁၄တွင်း စသည်ဖြင့် တွင်း ၁၄၁ တွင်းကို နေရာဒေသ လေးခုခွဲထားခြင်းဖြစ်သည်ဟု သိရသည်။ အဆိုပါတွင်းများမှာ မုံရွာ၊ ဘုတလင်၊ ချောင်းဦးမြို့နယ်များအတွင်း ရှိလေရာ ဒေသခံပြည်သူတို့ မိုးမမျှော်ရဘဲ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်ကပင် စိုက်ပျိုးရေနှင့် သောက်သုံးရေကို အကျိုးရှိစွာ အသုံးပြုခဲ့ကြလေသည်။

အညာမှာ စက်ရေတွင်းနှင့် ရေလျှံတွင်း အသုံးပြုပုံ ကွာခြားသည်။ စက်ရေတွင်းက လျှပ်စစ်ဓာတ်အား အသုံးပြုရန်လိုပြီး ရေလျှံတွင်းက မည်သည့်အကူအညီမျှ မလိုဘဲ ရေရနေခြင်းဖြစ်ဖြစ်သည်။ မုံရွာခရိုင်အတွင်း အရာတော်မြို့နယ်သည် ယခင်က စိုက်ပျိုးရေး ခက်ခဲသောဒေသဖြစ်သည်။ ယခုအခါ ရေလျှံတွင်းမှရေများ အောင်မြင်စွာ ထွက်ရှိနေသည်ကို တွေ့ရသည်။ သီးနှံစိုက်ပျိုးရေနှင့် သောက်သုံးရေအတွက် ကျေးရွာအလိုက် တွင်းတူးစက်နှင့် နည်းပညာအကူအညီသာ ရေအရင်းအမြစ် အသုံးချရေးမှ တောင်းခံကာ ရေလျှံတွင်းများကို မိမိအစီအစဉ်ဖြင့် တူးနေကြပြီဖြစ်သည်။

ကျေးရွာအစီအစဉ်ဖြင့် ဆောင်ရွက်နေသော အရာတော်မြို့နယ် ရဲချင်းကျေးရွာအုပ်စုသို့ ဝင်ရောက်လေ့လာခဲ့ရာ ကျေးရွာဥက္ကဋ္ဌဦးမောင်ကိုက “ကျွန်တော်တို့ ဒေသဝမ်းစာအတွက်သာမက သီးနှံထွက်ကုန်တိုးတက်ဖို့ ဒီရေထွက်ရင် အမြန်ဆုံးလုပ်နိုင်မှာပါ” ဟု တွင်းတူးစက်များဖြင့် တူးနေသည့် နေရာကိုပြရင်း ရှင်းပြခဲ့ပါသည်။

ယခုကဲ့သို့ သဘာဝအရင်းအမြစ်များကပေးသော မြေအောက်ရေကို နိုင်ငံတော်က အကျိုးရှိစွာ အသုံးချနိုင်အောင် စီမံပေးမှုမှာ လွန်စွာမှပင် တန်ဖိုးရှိလှပေသည်။

နောက်တစ်နေ့ ခရီးစဉ်မှာ မုံရွာမှ ချင်းတွင်းမြစ်တစ်ဖက်ကမ်း ယင်းမာပင်ဒေသဖြစ်သည်။ ယင်းမာပင်သို့ ယခင်က မုံရွာမှ ဇက်ဖြင့် ကူးကြရသော်လည်း ယခုအခါ အလုံချင်းတွင်း မြစ်ကူးတံတားကြီးက ချင်းတောင်၊ ကလေးဝဒေသနှင့် အညာဒေသကို ဂဟေဆက်လိုက်လေပြီ။ တံတားကြီးကိုဖြတ်၍ ယင်းမာပင်သို့ သွားရာလမ်းသည် ကြေးနီတောင်ကြောကို မျက်နှာမူ၍ တစ်နာရီကြာ ခရီးသွားရပြန်သည်။ ကြေးစင်တောင်တစ်ဝိုက် တစ်ချိန်က ခြောက်သွေ့ခဲ့သော်လည်း ယခုအခါ ညောင်ပင်ကြီး မြစ်ရေတင်စီမံကိန်းမှ ရေပေးမြောင်းများက လယ်စိုက်တောင်သူများကို ရေပေးနိုင်ပြီဖြစ်သည်။ လွန်ခဲ့သော နှစ်နှစ်ကပင် ဒီဇယ်ဖြင့် မောင်းနှင်သော ရေတင်စီမံကိန်းမှ ရေပေးခဲ့ရာ မကြာမီတွင် လျှပ်စစ်မြစ်ရေတင်အဖြစ် ပြောင်းလဲရေပေးနိုင်မည်ဟု သိရသည်။

မုံရွာမှ ယင်းမာပင်သို့ တစ်နာရီခန့်ကားစီးရသည်။ ယင်းမာပင်မြို့မှ ရေလျှံတွင်းများရှိရာသို့ ရောက်ရှိသွားရာ ၎င်းနေရာဝန်းကျင်တွင် လယ်ကွင်းပြင်များဖြင့် စိမ်းစိုနေပါသည်။ ၁၉၉၄ ခုနှစ်က စတင်အကောင်အထည် ဖော်ခဲ့သော ရေပေးရေးစီမံကိန်းမှာ ၁၀ နှစ်ကျော်အကြာတွင် ယင်းမာပင်ဒေသ၏ ပူပြင်းခြောက်သွေ့မှုကို သစ်ပင်တောတန်းများနှင့် စပါးခင်းများက ဖုံးလွှမ်းကာ အညာမှ ဟုတ်ပါလေစဟု ထင်မှတ်မှားမိပြန်ပါသည်။

ကျွန်တော်တို့အဖွဲ့ ယင်းမာပင် ရေလျှံတွင်းမှ ရေပေးနေသော လုပ်ငန်းများကိုကြည့်ရှုပြီး မုံရွာသို့ ပြန်ခဲ့ကြသည်။ မုံရွာမြို့တွင်း တစ်ပတ် ပတ်ကြရာ အချိန်တိုအတွင်း တိုးတက်များပြားလာသော တိုက်တာအဆောက်အအုံများ၊ ယာဉ်သွားယာဉ်လာများက ဒေသတစ်ခု၏ တိုးတက်ဖွံ့ဖြိုးမှုပြယုဂ်အဖြစ် မြင်တွေ့ရသည်။ မုံရွာဒေသ၏ ယခင် ၁၀နှစ်ကျော်က အခြေအနေသည် ယခုအခါတွင် ရာသီဥတုနှင့် လူနေမှုပုံသဏ္ဌာန်များ ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ ခြောက်သွေ့မှုများကို ဖြတ်ကျော်၍ အိုအေစစ်ပမာ စိမ်းလန်းသာယာနေသည့် အညာမြေကိုနှုတ်ဆက်ကာ မုံရွာမှ မန္တလေးသို့ ခရီးဆက်ခဲ့ပါတော့သည်။ ။

ဂျပန် နိုင်ငံ တောင်ပိုင်း ဂျီနို ဝန်မြို့ရှိ ပြည်သူ ၃၀၀၀၀ ကျော် တို့က အမေရိကန် လေ တပ်စခန်း ရွှေ့ပြောင်း ပေးရေး ကန့်ကွက် ဆန္ဒပြနေ သည်ကို မတ် ၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျပန်ပြည်သူများက အမေရိကန် စစ်စခန်းပြောင်းရွှေ့ရေးအစီအစဉ်ကို မကျေနပ်သဖြင့် ကန့်ကွက်ဆန္ဒပြ

တိုကျို မတ် ၆

အမေရိကန်စစ်ဘက်က အမေရိကန်မရိန်းတပ်ဖွဲ့စစ်စခန်းကို ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါကျွန်းရှိ ဂျီနိုဝန်မြို့မှ နာဂိုမြို့သို့ ပြောင်းရွှေ့မည့် အစီအစဉ်အပေါ် ထောင်ပေါင်းများစွာ ဂျပန်ပြည်သူများက မကျေနပ်ကြသဖြင့် တနင်္ဂနွေနေ့က ဆန္ဒပြကြကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

ခန့်မှန်းခြေအားဖြင့် ဆန္ဒပြသူ ၃၅၀၀၀ ခန့်က အိုကီနာဝါကျွန်းရှိ ဂျီနိုဝန်မြို့တွင် နှစ်နာရီကြာ ဆန္ဒပြကြပြီး မြို့တွင်းရှိ ဖြူတင်မာ အမေရိကန် မရိန်းတပ်ဖွဲ့စစ်စခန်းကို အမြန်ပိတ်ရန် တောင်းဆိုကြသည်ဟု ဆန္ဒပြလှုံ့ဆော်သူများက ပြောကြားကြသည်။

ကမ္ဘာ့တစ်ဝန်းတွင် ကြောက်စရာအကောင်းဆုံးဖြစ်သည့် ဖြူတင်မာစစ်စခန်းကို အမြန်ပိတ်ပစ်ကာ ဂျပန် နိုင်ငံ၏ ပြင်ပသို့ ရွှေ့ပြောင်းပေးရန် အပြင်းအထန် တောင်းဆိုကြကြောင်း ဂျီနိုဝန်မြို့တော်ဝန် ယိုချီဘိုင်ဟာကို ကိုးကား၍ ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

ဂျပန်နှင့် အမေရိကန်တို့က ဂျပန်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် စပ်လျဉ်း၍ ပြန်လည်ညှိနှိုင်းရန် အစီအစဉ်ကို အောက်တိုဘာလက ဆွေးနွေးအတည်ပြုခဲ့ကြပြီး ယင်းအစီအစဉ်အရ ဖြူတင်မာလေတပ်စခန်း၏ လုပ်ငန်းများကို ဂျီနိုဝန်မြို့မှ အိုကီနာဝါကျွန်း၌ပင် တည်ရှိသော နာဂိုမြို့ရှိ ရှဝပ်စခန်းသို့ ပြောင်းရွှေ့ရမည်ဖြစ်သည်။

အိုကီနာဝါကျွန်းတွင် အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀၀၀ စခန်းချလျက်ရှိသည်။ ဒေသခံများက ယင်းစခန်းသည် ဆူဆူညံညံရှိပြီး လူမှုရေး၊ ရာဇဝတ်ပြစ်မှုများနှင့် ဆက်နွှယ်သော ပြဿနာများ ပေါ်ပေါက်နေမှုကြောင့် မကျေမနပ် ဖြစ်နေကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ မြောက်ပိုင်းတွင် ကန်တပ်ဖွဲ့ဝင်တစ်ဦး သတ်ဖြတ်ခံရ

ဒူလူယီယာ(အီရတ်) မတ် ၆

ပြောက်ကျား တပ်သားတစ်ဦးက အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို အီရတ်နိုင်ငံမြောက်ပိုင်း ဒူလူယီယာမြို့တွင် သေနတ်ဖြင့် ချောင်းမြောင်းပစ်သတ်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်တပ်ဖွဲ့ စစ်ဆေးရေးဂိတ်အနီးတွင် ရောက်ရှိနေစဉ် ပြောက်ကျားတပ်သားတစ်ဦးက အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဒူလူယီယာမြို့လယ် လမ်းဆုံတစ်နေရာတွင် ချောင်းမြောင်းပစ်သတ်ခဲ့သည်ဟု မျက်မြင်တွေ့ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းသို့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များက ဦးတည်ရာမဲ့ ပြန်လည်ပစ်ခတ်သဖြင့် အရပ်သားသုံးဦး ဒဏ်ရာရရှိပြီး ယာဉ်လေးစီးနှင့် ဆိုင်အများအပြား ပျက်စီးခဲ့သည်ဟု မျက်မြင်တွေ့ရှိသူက ထပ်လောင်းပြောကြားသည်။

ရဟတ်ယာဉ်များ၏ အကူအညီဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာ နေရာအနီးရှိ အဆောက်အအုံများကို အလျင်အမြန် ရှာဖွေကြပြီး သင်္ကာမကင်းသူ အရပ်သားများကို ထိန်းသိမ်းခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ အမေရိကန် ကောင်စစ်ဝန်ရုံးအနီးတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး ပျက်စီးသွားသောနေရာ၌ စစ်ဆေးရေးအဖွဲ့ဝင်များ စစ်ဆေးနေကြသည်ကို မတ် ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ကောင်စစ်ဝန်ရုံး ဗုံးဖောက်ခွဲမှုကိစ္စ စစ်ဆေးရေးအဖွဲ့ စုံစမ်းမည်

ကရာချိ မတ် ၆

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် ဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့သဖြင့် အမေရိကန်သံတမန်တစ်ဦးအပါအဝင် လူလေးဦးသေဆုံးခဲ့သည်။ ယင်းဖောက်ခွဲမှုကိစ္စကို ကြိုးကိုင်ခဲ့သူများအား ပူးပေါင်းရှာဖွေရန်အတွက် အမေရိကန်စုံစမ်းစစ်ဆေးရေးအဖွဲ့က ပါကစ္စတန်ရဲတပ်ဖွဲ့ကို ဆက်သွယ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်မည်

ဖော်ပြပါကိစ္စအတွက် မိမိတို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းသို့ ပြုလုပ်ခြင်းအားဖြင့် တိုးတက်ဖြစ်ထွန်းမှုရရှိမည်ဟု မိမိထင်မြင်ကြောင်း ပြည်ထဲရေးဝန်ကြီး အက်ဖ်တက်အာမက်ခန်ရှာပါအိုက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ဗုံးဖောက်ခွဲသူက အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိလာပြီး မော်တော်ယာဉ် ဗုံးဖောက်ခွဲပုံကို ရိုက်ကူးထားသည့် ဓာတ်ပုံပြကွက်များအား စုံစမ်းရေးမှူးများက လေ့လာစစ်ဆေးလျက်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အသက်(၂၀)ခန့်ရှိ မုတ်ဆိတ်မွေးနှင့် လူတစ်ဦးက ဖောက်ခွဲစရာပစ္စည်းများ တင်ဆောင်ထားသည့် တိုယိုတာကိုရိုလာ မော်တော်ယာဉ်ကို မောင်းနှင်ပြီး ကောင်စစ်ဝန်ရုံး ဂိတ်အဝင်ဝတွင် တိုက်ကာ ဖောက်ခွဲခဲ့သဖြင့် လူ၅၂ ဦး ဒဏ်ရာရရှိခဲ့သည်။

ဗုံးဖောက်ခွဲသူ၏ လက်ချက်ကြောင့် အမေရိကန်ကောင်စစ်ဝန် ဒေးဗစ်ဖွိုင်း၊ ၎င်း၏ ယာဉ်မောင်းနှင့် ပါကစ္စတန်လက်နက်ကိုင် တပ်ဖွဲ့ဝင်တစ်ဦးတို့ သေဆုံးခဲ့သည်။ ဗုံးဖောက်ခွဲသူလည်း သေဆုံးခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မုန်တိုင်းတိုက်ခတ်သွားပြီးနောက် အပျက်အစီးများနှင့် ဒုက္ခသည်အချို့ကို မတ် ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ် အနောက်တောင်ပိုင်းဒေသတွင် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် လူငါးဦးသေဆုံး

ဒါကာ မတ် ၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်တောင်ပိုင်းဒေသရှိ ဘာဂျာရတ်ခရိုင်မှ ကျေးရွာခြောက်ရွာ လေဆင်နှာမောင်း တိုက်ခိုက်ခံရသဖြင့် လူငါးဦးသေဆုံးပြီး အခြား လူ ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ပုဂ္ဂလိက ရုပ်မြင်သံကြားအစီအစဉ်က တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

အဆိုပါ ကျေးရွာခြောက်ရွာတွင် မိုးကြိုးပစ်မှုဖြစ်ပွားခဲ့ပြီးနောက် လူတစ်ဦးသေဆုံးကာ အိမ်ပြိုကျမှုကြောင့် လူလေးဦးသေဆုံးခဲ့ကြောင်း၊ အဆိုပါကျေးရွာများမှာလည်း လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပြားပြားဝပ် ပျက်စီးခဲ့ကြောင်း ရုပ်မြင်သံကြားတွင် ဖော်ပြသည်။ ယင်းလေဆင်နှာမောင်းတိုက်ခတ်မှုဒဏ်ကြောင့် အိမ်များရာချီ၍ ပျက်စီးကာ သစ်ပင်များနှင့် လျှပ်စစ်မီးတိုင်များလဲကျပြီး သီးနှံများ ပျက်စီးခဲ့ရသည်ဟု ရုပ်မြင်သံကြားက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နယူးဇီလန်၌ ရဟတ်ယာဉ်ပျက်ကျ

ဝယ်လင်တန် မတ် ၆

နယူးဇီလန်နိုင်ငံ တောင်ကျွန်းရှိ မြေပြင်အနေအထား မတ်စောက်သည့်နေရာ၌ တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် ရဟတ်ယာဉ်တစ်စင်း ပျက်ကျရာ ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသူနှစ်ဦး သေဆုံးသွားကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ရော်ဘင်ဆန်-၂၂ ရဟတ်ယာဉ်သည် တောင်ကျွန်းအလယ်ပိုင်း ဝါနာကာ ရေအိုင်အနီး၌ ပျက်ကျခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ရဟတ်ယာဉ်ပျက်ကျသည့်နေရာမှာ မြေပြင်အနေအထား မတ်စောက်သည့် နေရာရှိ တောင်ကြောတစ်နေရာ ဖြစ်သည်။ ရဟတ်ယာဉ်မှာ လျှိုထဲသို့ ကျသွားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပြင်သစ်နိုင်ငံအနောက်တောင်ပိုင်းတွင် ဘဲတစ်ကောင်အား ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးပေးနေသည်ကို မတ် ၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် လူ ငါးဦးသေဆုံး

ကန်ဒါဟာ (အာဖဂန်နစ္စတန်) မတ် ၆

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် လမ်းဘေးဗုံးဖောက်ခွဲခံရသဖြင့် အာဖဂန်ထောက်လှမ်းရေး တာဝန်ရှိပုဂ္ဂိုလ်တစ်ဦး၊ ၎င်း၏ကိုယ်ရံတော်သုံးဦးနှင့် အခြားလူတစ်ဦး စနေနေ့က သေဆုံးခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ဟယ်မန်းပြည်နယ် နာဒါလီခရိုင်တွင် လမ်းဘေးဗုံးပေါက်ကွဲသဖြင့် အမျိုးသားလုံခြုံရေးအဖွဲ့မှ ဒေသခံ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် မိုဟာမက်အလီဘိုရက် သေဆုံးသည်ဟု ယင်းပြည်နယ်မှ အမျိုးသားလုံခြုံရေး အကြီးအကဲတစ်ဦးဖြစ်သူ အဆာဒူလာ ရှာဇက် ကပြောကြားသည်။

အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲသည့်ဗုံးဖြစ်ကြောင်း ရှာဇက်က ရိုက်တာသတင်းဌာနသို့ပြောကြားပြီး တာလီဘန်တို့၏ လက်ချက်ဟု ထပ်လောင်းပြောကြားသည်။

ဗုံးဖောက်ခွဲမှုကြောင့် တာဝန်ရှိ ပုဂ္ဂိုလ်ဘိုရက်၊ ၎င်း၏ ယာဉ်မောင်းသုံးဦးနှင့် မော်တော်ယာဉ်ပေါ် စီးနင်းလိုက်ပါလာသူ လျှပ်စစ်မီးဆရာတစ်ဦးတို့လည်း သေဆုံးခဲ့ကြသည်ဟု ၎င်းကပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် ဟယ်မန်းပြည်နယ်တွင် ပြောက်ကျားတို့၏ နောက်ဆုံးတိုက်ခိုက်မှု ဖြစ်သည်။ အမေရိကန်သမ္မတဘုရှ် ပါကစ္စတန်နိုင်ငံသို့ အလည်အပတ် ရောက်ရှိလာပြီး အမေရိကန် ဦးဆောင်နေသည့် အကြမ်းဖက်တိုက်ဖျက်ရေးနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန်နှင့် နည်းလမ်းများရှာဖွေရန် ပါကစ္စတန်အာဏာပိုင်များနှင့် တွေ့ဆုံဆွေးနွေးနေစဉ် ဖော်ပြပါ တိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

တူရကီ၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

အန်ကာရာ မတ် ၆

တူရကီနိုင်ငံအနောက်ပိုင်း၌ စနေနေ့တွင် အသေးစားဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ပွားရာ လူတစ်ဦး ဒဏ်ရာရရှိသွားပြီး အဆောက်အအုံများပျက်စီးသွားကြောင်း နိုင်ငံပိုင်အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

ပေါက်ကွဲ

အဆိုပါ အိမ်လုပ်ဗုံးမှာ အစ်ဇ်မီရာမြို့ ရဲစခန်းတစ်ခုအနီးရှိ ဘီးတစ်ဘီးတပ် လက်တွန်းလှည်းထဲတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ အစ်ဇ်မီရာမြို့သည် အေဂျီယန်ကမ်းရိုးတန်းပေါ်တွင် တည်ရှိပြီး တူရကီနိုင်ငံ၏ တတိယအကြီးဆုံးမြို့ဖြစ်သည်။ ဒဏ်ရာရရှိသွားသူမှာ အသက်(၅၄)နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးဖြစ်ပြီး ဗုံးပေါက်ကွဲချိန်တွင် လမ်းဖြတ်ကူးလျက်ရှိကြောင်း၊ အနီးဝန်းကျင်ရှိ အဆောက်အအုံ ၄၀ကျော် ပျက်စီးသွားကြောင်း သတင်းဌာနကဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ကြက်ငှက်တုပ်ကွေးကြောင့် ကုန်သွယ်ရေးအဟန့်အတားဖြစ်ချိန်တွင် ထိုင်းနိုင်ငံက ပို့ကုန်မြှင့်တင်ရေး ကြိုးပမ်းနေ

ဗန်ကောက် မတ် ၆

ထိုင်းနိုင်ငံမှ ကြက်နှင့် ပုစွန်ကုန်ထုတ်လုပ်ငန်းတို့ကို မေလတွင် လာရောက်လေ့လာကြည့်ရှုရန် ဥရောပနှင့်အရှေ့အလယ်ပိုင်း ကုန်သွယ်ဖက်လုပ်ငန်းရှင်များအား ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖိတ်ကြားမည်ဟု အထက်တန်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြင်သစ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားပြီးနောက် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံမဟုတ်သော အခြားသော ၄၆နိုင်ငံသည် ပြင်သစ်မှ ကြက်ငှက်တင်သွင်းမှုကို လျှော့ချခဲ့ကြသည်။ ထိုအဖြစ်အပျက်နောက်ပိုင်း ထိုင်းနိုင်ငံက ကုန်သွယ်ဖက်များကို ဖိတ်ကြားမှုအစီအစဉ်ထွက်ပေါ်လာရခြင်းဖြစ်သည်ဟု အဆိုပါ ဝန်ကြီးဌာန၏ ပို့ကုန်မြှင့်တင်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ်ထရာပါနာရစ်ရှာက မတ် ၄ ရက်တွင် ပြောကြားခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ယခင်က ပြင်သစ်နိုင်ငံမှ နှစ်စဉ်ကြက်ငှက်တန်ချိန် ၈၀၀၀၀ ခန့်ကို တင်သွင်းခဲ့သော်လည်း ယခုအခါ ပြင်သစ်မှ ကြက်ငှက်တင်သွင်းမှုကို လျှော့ချထားသည်။ ယင်းအခြေအနေကြောင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ ထိုင်းနိုင်ငံမှ ကြက်သားများ တင်ပို့နိုင်မည့် အခွင့်အလမ်းတစ်ရပ်ရရှိလာနိုင်ကြောင်း မစ္စတာချန်ထရာ၏ ပြောကြားချက်ကို ကိုးကား၍ ထိုင်းသတင်းဌာနက ဖော်ပြခဲ့သည်။

ဥရောပနှင့် အရှေ့အလယ်ပိုင်းရှိ ထိုင်းနိုင်ငံ၏ ကုန်သွယ်ဖက်များကို မေလတွင် ထိုင်းနိုင်ငံ၏ ကြက်သားနှင့် ပုစွန်ထုတ်လုပ်မှုလုပ်ငန်းများကို လာရောက်ကြည့်ရှုလေ့လာရန် ဖိတ်ကြားထားသည်။ ထိုကုန်ထုတ်ပစ္စည်းများတွင် ကြက်ငှက်တုပ်ကွေးရောဂါနှင့် ဓာတုဓာတ်ကြွင်းအန္တရာယ်မဖြစ်နိုင်သော ဓာတုဒြပ်ပစ္စည်း အနည်းငယ်သာ ပါဝင်သည်ကိုသာ စမ်းသပ်တွေ့ရှိနိုင်မည် ယုံကြည်ကြောင်း ၎င်းက ပြောဆိုခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

စစ်ဘေးဒဏ်ခံရသူများအား နိုင်ငံတကာအဖွဲ့အစည်းမှ ရိက္ခာဆက်လက်ဖြန့်ဝေပေးရေးအတွက် အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့၌ ဆန္ဒပြတောင်းဆိုနေသူအချို့ကို မတ် ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တရုတ် ကျေးလက်ဒေသ သန့်ရှင်းရေးဆောင်ရွက်

ပေကျင်း မတ် ၆

တရုတ်နိုင်ငံ ကျေးလက်ဒေသများတွင် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ ပိုမိုဖြေရှင်းနိုင်ရန်အတွက် ဦးစားပေး အစီအစဉ်တစ်ရပ်ကို စတင်ဆောင်ရွက်လျက်ရှိကြောင်း တရုတ်နိုင်ငံ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် စီမံရေးဌာနက ပြောကြားခဲ့သည်။

ကျေးလက်ဒေသများတွင် လာမည့် ငါးနှစ်တာကာလတွင် အမှိုက်သရိုက်နှင့် ဖုန်များကင်းစင်ရန်အလေးပေးဆောင်ရွက်သွားမည်ဖြစ်သည်။

ကျန်စု၊ ကျီလင်နှင့် နင်ဇီယာဒေသ အပါအဝင် ပြည်နယ်ခြောက်ခု၌ ထိုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း နင်ဇီယာဟူကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ် ထိန်းသိမ်းရေးအစီအစဉ်ကို စမ်းသပ်ဆောင်ရွက်လျက်ရှိသည်။ ထိုဒေသ၌ လွန်ခဲ့သော ငါးနှစ်တာကာလတွင် စီးပွားရေး တိုးတက်လာသည့်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းမှုကိုဆောင်ရွက်ရာ၌ ခိုင်မာသော အခြေခံအုတ်မြစ်ဖြစ်လာသည်။

အမ်အင်အေ၊ဆင်ဟွာ။



ရုရှားနိုင်ငံ မော်စကိုမြို့၌ အမျိုးသမီး စစ်သည်များ လေ့ကျင့်နေကြသည်ကို မတ် ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်တွင် ကန်တပ်ဖွဲ့ဝင်သေဆုံးမှု ယခုနှစ် မတ် ၆ရက်အထိ ၂၃၀၁ဦးရှိ

ဝါရှင်တန် မတ် ၆

အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ်ကို စတင်တိုက်ခိုက်သည့် ၂၀၀၃ ခုနှစ် မတ်လမှ ၂၀၀၆ ခုနှစ် မတ် ၆ ရက်အထိ ကာလအတွင်း အီရတ်နိုင်ငံတွင် သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းသည် ၂၃၀၁ ဦး ရှိပြီဖြစ်ကြောင်း အေပီသတင်းဌာနမှတ်တမ်းများက ဖော်ပြသည်။

အထက်ပါ သေဆုံးစာရင်းတွင် ကန်စစ်ဘက်တာဝန်ကို ထမ်းဆောင်ရင်း သေဆုံးရသော အရပ်သားဝန်ထမ်း ခုနစ်ဦး၏စာရင်းလည်း ပါဝင်သည်။ ကန်တပ်ဖွဲ့ဝင် စုစုပေါင်း သေဆုံးစာရင်းအနက် ၁၈၀၅ ဦးမှာ ခုခံဆန့်ကျင်သော တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ကန်စစ်ဘက် ထုတ်ပြန်ချက်များတွင် ပါရှိသည်။

အေပီသတင်းဌာန၏ သေဆုံးစာရင်းမှာ ကန်စစ်ဘက်မှ ထုတ်ပြန်သောစာရင်းနှင့် နှိုင်းယှဉ်လျှင် သုံးဦး လျော့နည်းနေသည်ဟု ဆိုသည်။

အဆိုပါကာလအတွင်း အပေါင်းပါတပ်ဖွဲ့တွင် ပါဝင်သော ဗြိတိသျှတပ်ဖွဲ့ဝင် ၁၀၃ ဦး၊ အီတလီ ၂၇ ဦး၊ ယူကရိန်း ၁၈ ဦး၊ ပိုလန် ၁၇ ဦး၊ ဘူလ်ဂေးရီးယား ၁၃ ဦး၊ စပိန် ၁၁ ဦး၊ စလိုဗက် သုံးဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စတိုးနီးယား၊ နယ်သာလန်နှင့် ထိုင်း နှစ်ဦးစီနှင့် ဟန်ဂေရီ၊ ကာဇက်စတန်နှင့် လတ်ဗီးယားတို့မှ တစ်ဦးစီ အသီးသီး အသက်ဆုံးရကြောင်း သိရသည်။

အင်တာနက်။

ဇမ်ဘီယာနိုင်ငံတွင် တောဆင်ရိုင်းအုပ်တစ်အုပ်ကို မတ် ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

စိုက်ခင်းများကို ဆင်ရိုင်းဖျက်ဆီးမှုမှ ကာကွယ်ရန် နည်းလမ်းသစ် ဖော်ထုတ်

လူဆာကာ မတ် ၆

ဇမ်ဘီယာနိုင်ငံ၏ ကျေးလက်ဒေသစိုက်ခင်းများကို တောဆင်ရိုင်းများ မကြာခဏဝင်ရောက် ဖျက်ဆီးလေ့ရှိသောဖြစ်ရပ်မျိုး ကြုံတွေ့နေသည်မှာ နှစ်အတန်ကြာနေပြီဖြစ်သော်လည်း ယခုအခါ ထိုဆင်ရိုင်းများ၏ အန္တရာယ်ကို ငရုတ်ပင်များအသုံးပြု၍ ကာကွယ်နိုင်မည့်နည်းလမ်းသစ်ကို တွေ့ရှိထားကြောင်း တိုင်းအော့ဖ် ဇမ်ဘီယာသတင်းစာက မတ် ၄ ရက်သတင်းတွင် ရေးသား ဖော်ပြခဲ့သည်။

လတ်တလောအခြေအနေတွင် ဇမ်ဘီယာနိုင်ငံအလယ်ပိုင်းဒေသရှိ တောင်သူများသည် ငရုတ်ပင်များကို ငွေပေါ်သီးနှံအဖြစ် စိုက်ပျိုးကြခြင်းဖြင့် ငွေလည်းရ ဆင်အန္တရာယ်ကိုလည်း ကာကွယ်ပြီးသားဖြစ်သည့်အကျိုးကို ရလျက်ရှိကြောင်း သတင်းစာကရေးသားသည်။

ဇမ်ဘီယာတောင်သူများသည် ၂၀၀၅ ခုနှစ် စက်တင်ဘာလကစ၍ ငရုတ်ကို စိုက်ပျိုးကြ ခြင်းဖြစ်သည်။ ငရုတ်အနံ့ကို ဆင်ရိုင်းများက မခံနိုင်သည့်အတွက် တောဆင်ရိုင်းများက စိုက်ခင်းများကို ရှောင်ကြသဖြင့် စိုက်ခင်းများ ဖျက်ဆီးခံရခြင်းမှ သက်သာရာရကြသည်။

ကာကွယ်နိုင်

အခြားဆင်ရိုင်းအန္တရာယ်မှကာကွယ်နည်းတစ်နည်းမှာ ငရုတ်သီးပြုတ်ရည် ပျစ်ပျစ်နှင့် စားသုံးဆီရောထားသည့် အရည်အတွင်း စိမ်ထားသောကြိုးများကို စိုက်ခင်း ပတ်ပတ်လည်တွင် ချိတ်ဆွဲကာ ငရုတ်အနံ့ပေးထားခြင်းဖြင့် လည်း ဆင်ရိုင်းများ၏ ဖျက်ဆီးမှုမှ ကာကွယ်နိုင်သေးကြောင်း သိရသည်။

ယခုနည်းလမ်းဖြင့်သာ ထိထိရောက်ရောက် ကာကွယ်နိုင်ကြောင်း တွေ့ရှိရပါက အမျိုးသားဥယျာဉ် ပတ်ပတ်လည်တွင် ငရုတ်ခင်းများ စိုက်ပျိုးစေခြင်းဖြင့် ဆင်ရိုင်းများ နယ်မကျော်စေရန် စည်းရိုးခတ် ထားသကဲ့သို့ ဆောင်ရွက်ထားနိုင်မည်ဖြစ်ကြောင်း သတင်းတွင် ရေးသားထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဋ္ဌသမအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် မတ် ၇

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သောဋ္ဌသမ အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဋ္ဌသမအစည်းအဝေး ဒုတိယနေ့ကို သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာရှိ ဓမ္မသဘင်၌ ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေး ပုဂ္ဂိုလ်ဦးအံ့မောင်၊ သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးမြင့်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်/တိုင်းနှင့် ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်ကြောင်း ကြေညာတော်မူသည်။

ထို့နောက် ပဌမအကြိမ် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ တင်ပြလျှောက်ထားချက်များနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မွန်ပြည်နယ် သထုံမြို့ လယ်ဝန်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဧရာဝတီတိုင်း ရေကြည်မြို့နယ် သီတာရုံကျောင်းဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုဓမ္မိသာရကလည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ အကြံပြုတင်ပြလာသော ကိစ္စများနှင့် ပဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး အစီအစဉ်များကို အတည်ပြုချက်ရယူရန် ကိစ္စတို့နှင့်စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များက ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် ပဌမအကြိမ် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့တင်သွင်း၍ ပျံလွန်တော်မူကြသော နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအတွက် သံဝေဂဉာဏ်ပွားတော်မူကြကြောင်း မှတ်တမ်းတင်ရန်၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်း ခံရသော နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊နိုင်ငံတော် သံဃမဟာနာယကဆရာတော်နှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို အတည်ပြုချက်ရယူရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များက ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာ ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ပဌမအကြိမ် ၁၃၆၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက် ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၂၄ရက် (ကြာသပတေးနေ့)မှ ယနေ့အထိ တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်များ၏ ဝေဖန်ဆွေးနွေးချက်များအပေါ် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသက ပြန်လည်ရှင်းလင်း လျှောက်ထားတော်မူပြီး အစည်းအဝေး၏ အတည်ပြုချက်ကို ရယူတော်မူသည်။

ထို့နောက် ပဌမအကြိမ် စုဒ္ဒသမ (လေးလပတ်) နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီးများ ရွေးချယ်လျာထား အတည်ပြု ပင့်ဆောင်ရန်ကိစ္စနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များအားလုံးက “ဇယန္တော ဗောဓိယာမူလေ” အစချီ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူပြီးနောက် သာဓု သုံးကြိမ်ခေါ်ဆိုလျက် ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဋ္ဌသမအစည်းအဝေး ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သောဋ္ဌသမ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား ယနေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အင်းလျားမြိုင်လမ်း အမှတ်(၅၄)နေ ဦးကျော်ညွှန့် (ညွှန့်အက်စ်ဓာတုဗေဒလုပ်ငန်း) က အရုဏ်ဆွမ်းကိုလည်းကောင်း၊ လှိုင်မြို့နယ် ကန်ရိပ်မွန်အိမ်ရာ အမှတ်(စီ/၄၀)နေ (ဦးစံသာကျော်) – ဒေါ်ခင်လေးချစ်မိသားစုက နေ့ဆွမ်းကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ညောင်တုန်းမြို့ မိုးကုတ်ဘုရားကြီး ဆွမ်းကြီးလောင်းလှူပွဲ ကျင်းပမည်

ရန်ကုန် မတ် ၇

ညောင်တုန်းမြို့ မိုးကုတ်ဘုရားကြီးဆွမ်းကြီးလောင်းလှူပွဲကို မတ်၁၃ရက် (တပေါင်း လပြည့်နေ့)နံနက်၈နာရီတွင်ကျင်းပမည်ဖြစ်သည်။ညောင်တုန်းမြို့နယ်အသင်း (ရန်ကုန်)က သံဃာတော်နှင့်သီလရှင်အပါး၄၀၀တို့အား လောင်းလှူကြမည့်အပြင် သမိုင်းဝင်ဘုရားကြီးခြောက်ဆူကိုလည်း လှူဒါန်းကြမည်ဖြစ်ရာ စေတနာရှင်များညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်) ဖုန်း–၃၈၀၁၆၀သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

ထားဝယ်အသင်း(ရန်ကုန်) ဂုဏပူဇာသဘင်

ရန်ကုန် မတ် ၇

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ(ထားဝယ်ဆရာတော်) အားအမှူးထားလျက် ၂၀၀၆ခုနှစ်အတွက် ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသောထားဝယ်ခရိုင်မှ ဆရာတော်ခြောက်ပါးတို့အား ဂုဏပူဇာသဘင်ကို မတ်၁၈ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် အလုံမြို့နယ် အလုံလမ်း ဇမ္ဗူရတနာပါဠိတက္ကသိုလ်(ထားဝယ်ကျောင်းတိုက်) တွင် ကျင်းပမည်ဖြစ်ရာ လှူဖွယ်ဝတ္ထုများကို အသင်းတိုက်ဖုန်း–၂၂၂၂၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

ကွယ်လွန်သူ မိဘဦးအုန်းမောင်–ဒေါ်နှင်းမေတို့အားရည်စူး၍ လမ်းမတော်မြို့နယ် (၅)လမ်းနေ ကျန်ရစ်သူ သား၊သမီး၊ မြေး၊ မြစ်တစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေ ငွေကျပ်ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးညွှန့် လက်ခံယူစဉ်။ (က–ပ)



ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်(၅၀)ပြည့် ရွှေရတုပွဲနှင့် (၂၅)ကြိမ်မြောက်နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက်က ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး၌ကျင်းပရာ နိုင်ငံတော်က ချီးမြှင့်သော သီရိသုဓမ္မသီဂီဘွဲ့ရ ရာသက်ပန်အသင်းဝင် ဒေါ်မြရင်(မြသီရိသွေးဆေး)အား အသင်း အမှုဆောင်နာယက ဦးမောင်မောင်ငွေးက ဂုဏ်ပြုမှတ်တမ်းပေးအပ်စဉ်။ (က–ပ)

ယဉ်ကျေးလိမ္မာ တရားစခန်းဖွင့်လှစ်မည်

ရန်ကုန် မတ် ၇

မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမ ကျောင်းတိုက်ကြီးတွင် ကျောင်းသား၊ ကျောင်းသူများအတွက် ယဉ်ကျေးလိမ္မာ တရားစခန်းဖွင့်လှစ်မည်ဖြစ်ရာ (၉၊၁၀)တန်းအတွက် မတ်၂၈ရက်မှ ၃၁ရက်အထိ၊ တက္ကသိုလ်တန်းအတွက် ဧပြီ၁ရက်မှ၄ရက်အထိ၊ (၆၊၇၊၈)တန်းအတွက်ဧပြီ၅ရက်မှ ၈ရက်အထိ၊ (၃၊၄၊၅)တန်းအတွက် ဧပြီ၉ရက်မှ၁၂ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများသည် တက္ကသိုလ်တန်းကို မတ် ၁၅ရက်၊ (၃၊၄၊၅)တန်းကို မတ်၁၇ရက်၊(၆၊၇၊၈)တန်းကို မတ်၂၀ရက်နှင့် (၉၊၁၀)တန်းကို မတ်၂၄ရက်တို့၌ တစ်လက်မအရွယ်ဓာတ်ပုံနှစ်ပုံ၊ ကျောင်းသားကတ်နှင့်အတူ လက်ခံမည်ဖြစ်ရာ ဦးလှကြည် (၂၄၀၄၀၀)လိုင်းခွဲ(၃၀)၊ဦးသိန်းဝင်း(၅၄၀၀၉၂)၊ ဇာနည်ညီနောင်ဆေးဆိုင်(၂၉၃၅၆၇)၊ ရှိုင်းဟုပ်ကုမ္ပဏီ(၅၁၄၇၆၈)၊ ဦးဝင်းရွှေ (မှော်ဘီ)(၆၂၀၅၂၀)နှင့်ဦးမျိုးမြင့်(ပဲခူး)(၀၅၂–၂၂၁၃၆)တို့ထံ ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈–၃–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	စိတ်ဝင်စားစရာ ပုလဲရတနာ (အပိုင်း–၁)
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	ပိုင်ကျုံရေတံခါး
၇:၃၅	Myanmar Video Rhythm
၈:၁၅	ပြည်တွင်းသတင်းအကျဉ်း
၈:၂၅	ကျက်သရေတင့်တယ် လှစေမယ် (အပိုင်း–၂)
၈:၃၅	တေးဂီတအစီအစဉ်
၈:၄၀	မနီတို့ရွာနှင့် သစ်တော
၉:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၀၅	Business Talk
၉:၅၀	မိုးလေဝသခန့်မှန်းချက်
၉:၅၅	မေးသမျှဖြေရအောင် (မင်းဟိန်း၊ ညွန့်ဝင်း)
၁၀:၁၀	စားချင်စဖွယ် မုန့်လုပ်နည်းအသွယ်သွယ် (ဝက်သားတုတ်ထိုး)
၁၀:၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅	အသည်းရောင်အသားဝါ(စီ) ရောဂါအကြောင်း ဟောပြောချက်(အပိုင်း–၁)
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၀၅	မြန်မာ့သစ်လုပ်ငန်း အမှတ်(၃)ပရိဘောဂစက်ရုံ
၁၁:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀	ကျန်းမာရေးအတွက် သန့်(၄)သန့်
၁၁:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅	မြန်မာ့ပုလဲလေလံပွဲ
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည(၂၃:၀၀)နာရီအထိ (၃)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	**အစီအစဉ်**
၂:၀၀	Liverpool-Benfica
လိုင်း	5-Sports(Live)
	Arsenal-Real Madrid
လိုင်း	5-Movies(Live)

ရန်ကုန်မြို့တော် သန့်ရှင်းရေးလုပ်ငန်းများ တိုင်းမှူးနှင့် မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၇

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်အတွင်း ဆောင်ရွက်လျက်ရှိသည့် သန့်ရှင်းရေးနှင့်ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများနှင့် လမ်းများ အဆင့်မြှင့် ခင်းကျင်းခြင်းလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူးနှင့်မြို့တော်ဝန်တို့သည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းသို့ ရောက်ရှိလာပြီး ဦးချစ်မောင်လမ်းတစ်လျှောက် စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဖြည့်ဆည်းပေး

ထို့နောက် တိုင်းမှူးနှင့်မြို့တော်ဝန်တို့သည် တာမွေမြို့နယ် နတ်မောက်လမ်းတစ်လျှောက် လမ်းဘေး လူသွားစင်္ကြံကို အဆင့်မြှင့်ခင်းကျင်းနေမှုနှင့် စင်္ကြံအောက် ရေနုတ်မြောင်း ရှင်းလင်းပြီးစီးမှုကိုလည်းကောင်း၊ လသာမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ကမ်းနားလမ်းကြားရှိ အကျယ် ၂၃ ပေ၊ အရှည်ပေ ၈၂၀ ရှိသည့် ၁၇ လမ်းအား ကွန်ကရစ်ကတ္တရာထပ်ပိုး ခင်းကျင်းနေမှုကိုလည်းကောင်း၊ လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် လမ်းသစ်လမ်း လမ်းဆုံအနီး အနော်ရထာလမ်းအား စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုကို လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းအား စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာ ခင်းကျင်းနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တာမွေမြို့နယ် နတ်မောက်လမ်း တစ်လျှောက် လူသွားစင်္ကြံအား အဆင့်မြှင့်ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

လှူဒါန်း

ဖေဖော်ဝါရီ၂၇ရက်က ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်ထံ ဆံတော်ရှင် မြတ်မော်တင် စေတီတော်ဘက်စုံ အလှူငွေများကို အလှူရှင်များက ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ဆူးလေစေတီတော် ဘက်စုံမွမ်းမံ ပြန်လည်တည်ဆောက်ရေးနှင့် ရွှေစင် ရွှေပြား ရွှေသင်္ကန်းကပ်လှူရေး အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မတ် ၇

ဆူးလေစေတီတော် ဘက်စုံမွမ်းမံပြန်လည်တည်ဆောက်ရေး ရွှေစင်ရွှေပြား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရေးအတွက် (၃၀၈) ကြိမ်မြောက် အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ဆူးလေစေတီတော်မြတ်ကြီး၏ ကျက်သရေဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အလှူရှင် ၄၅ဦးက ငွေကျပ် ၂၅၀၀၀၀ တန်ရွှေစင်ရွှေပြား ၆၁ ချပ်အပါအဝင် အလှူတော်ငွေ ၉၈၅၃၇၆၃၃ ကျပ်ကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ကြသည်။

ရေစက်သွန်းချ

ထို့နောက် ဆူးလေစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ မဟာသိမ်တော်ကြီးကျောင်းတိုက် ပဓာနနာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရထံမှ ဩ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြ၍ အနုမောဒနာတရားနာကြားကြကာ အလှူရှင်များက ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။
(သတင်းစဉ်)

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၉) ထုတ်ဝေ

ရန်ကုန် မတ် ၇

မြန်မာ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ်(၁၉) ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**



အဆိုပါမဂ္ဂဇင်းတွင် အသုတ်မောင်ဝင်းရောင်၊ မိုးမြင့်သိန်း (သာစည်)၊ လော့်ကားယဉ်မှူး၊ စွမ်းဝေ (ဇီးကုန်း)၊တောသားကြီးလှနိုင်၊ ပုဂံမွေးကြည်၊ အဖျောက်မြေမောင်ဆွေမွန်၊ ရွှေညာသားမြတ်မင်း၊ မြတ်လွမ်းနောင်(ပုတီးကုန်း)၊ မောင်ထည်ဝါ(ပျော်ဘွယ်)၊ မောင်တင်ထွန်း (ကန်သာလေး)၊ မြတ်နိုးဝေတို့၏ ကဗျာများ၊ မင်းယုဝေ၊ မင်းဇေဒါ(ပွင့်ဖြူ)၊ စန်းနီလာဝင်း၊ တက္ကသိုလ်လှကြွယ်၊ ဦးခင်မောင်မြ(ဘီအေဘီအယ်လ်)၊ ခင်သစ္စာကျော်(မဟာဝိဇ္ဇာ)၊ နေမျိုးသန့်၊ လှိုင်မင်းအောင်(မကွေး)၊ နှင်းသစ္စာကျော်၊ ဦးသန်းထွန်း(စကု)၊ အေးဝေ(သရက်)၊ မင်းကြော့ရှိန်၊ ဓာတ်ပုံမောင်မောင်၊ လေးသစ္စာ(မကွေး)တို့၏ ဆောင်းပါးများ၊ ပြေအေး(မြင်းမူ)၊ ဦးအေးကို (ယမုံနာ)၊ မောင်(မကွေး)၊ နန္ဒာမိုးကြယ်၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၊ လေလှိုင်း၊ မောင်မောင်အုန်း(လယ်ဝေး)၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ စိမ်းမြရည်(ပြန်/ဆက်)၊ ဝင်းနွယ်(သစ်တော)၊ မောင်နွယ်မင်း(မုပ္ပလင်)၊ ဖိုးထူး (တွင်းကြီး)၊ ဂီတစာဆိုမောင်မျိုးသူတို့၏ ဖတ်ဖွယ်မှတ်ဖွယ်ဝတ္ထု၊ ဆောင်းပါးများ၊ မောင်မောင်စန်းလွင်၊ မောင်မောင်ညွှက်၊ မောင်တင်ယု၊ ကာတွန်းကိုခိန်တို့၏ ကာတွန်းများစသည်ဖြင့် ကဏ္ဍစုံလင်စွာပါရှိသည်။ (သတင်းစဉ်)

ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာသင်တန်းဖွင့်

ရန်ကုန် မတ် ၇

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနရှိ သင်တန်းခန်းမဆောင်၌ကျင်းပသော ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၀၆) သင်တန်းဖွင့်ပွဲသို့တက်ရောက်၍ အမှာစကားပြောကြားသည်။ (သတင်းစဉ်)

ဆူးလေစေတီတော် (၃၀၈)ကြိမ်မြောက် အလှူတော်ငွေပေးအပ်ပွဲတွင် အလှူရှင်တစ်ဦးက ရွှေစင်ရွှေပြားများ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၇

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ်၁၉ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ ခြောက်ထပ်ကြီးဘုရားကြီးဝင်း ဘိုကလေးအသင်း သိမ်ကျောင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင် အဘိုး၊အဘွားများနှင့် ၂၀၀၄-၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဂုဏ်ထူးရကျောင်းသား၊ကျောင်းသူများသည် ဦးတင့်ဇော် (ဥက္ကဋ္ဌ) ဖုန်း-၂၉၁၃၃၈၊ ဒေါ်မြင့်မြင့်စိန်(ဘဏ္ဍာရေးမှူး) ဖုန်း-၅၄၃၇၂၄နှင့် အမှတ်(၅၄) တတိယထပ် ဘုန်းကြီးလမ်းရှိ ဘိုကလေးမြို့နယ်အသင်းရုံး (ရန်ကုန်) ဖုန်း-၂၁၂၅၀၈ တို့ထံ ဆက်သွယ်ကြရန် နှင့် ရန်ကုန်ရောက် မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၃-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၂၀** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၃၀** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၄၀** ၆။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- **၅:၀၀** ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၅:၃၀** ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့အိမ်ကလေး" (အပိုင်း-၃)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ဗွီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားစီရင်ထုံး" (အပိုင်း-၁၅)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

✪ အိန္ဒိယသမ္မတနိုင်ငံမှ

ဖွံ့ဖြိုးရေးဌာန အတွင်းဝန်တို့၏ သိပ္ပံပညာရပ်ပိုင်းဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ဒေါက်တာကလမ်သည် နည်းပညာသတင်းအချက်အလက် ကြိုတင်ခန့်မှန်းရေးနှင့် အကဲဖြတ်ရေးကောင်စီ ဥက္ကဋ္ဌ တာဝန်ယူစဉ်က အိန္ဒိယနိုင်ငံအား လက်ရှိဖွံ့ဖြိုးဆဲနိုင်ငံအဆင့်မှ ဖွံ့ဖြိုးပြီး နိုင်ငံတစ်နိုင်ငံအဆင့်သို့ အသွင်ကူးပြောင်းရေးအတွက် လမ်းပြမြေပုံတစ်ခုဖြစ်သော "၂၀၂၀ပြည့်နှစ်အတွက် နည်းပညာ မျှော်မှန်းချက်" (Technology Vision 2020) ခေါ်စာတမ်းတစ်ရပ်ကို ပြုစုထုတ်ဝေခဲ့သည်။

ဒေါက်တာကလမ်သည် ၁၉၉၉ခုနှစ် နိုဝင်ဘာလမှ ၂၀၀၁ခုနှစ် နိုဝင်ဘာလအထိ အိန္ဒိယနိုင်ငံအစိုးရ၏ သိပ္ပံပညာရပ်ပိုင်းဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ချုပ်အဖြစ် အစိုးရအဖွဲ့ဝင် ဝန်ကြီးအဆင့်ဖြင့် ထမ်းဆောင်ခဲ့သည်။ ဒေါက်တာကလမ်သည် အစိုးရအဖွဲ့၏ သိပ္ပံပညာရပ်ပိုင်းဆိုင်ရာ အကြံပေးကော်မတီ၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ တာဝန်ကိုလည်း ထမ်းဆောင်ခဲ့သည်။

ဒေါက်တာကလမ်သည် ချင်နိုင်းမြို့ အန်နာတက္ကသိုလ်တွင် ၂၀၀၁ခုနှစ် နိုဝင်ဘာလမှစတင်၍ နည်းပညာနှင့် လူ့အဖွဲ့အစည်းအသွင်ပြောင်းလဲရေးဆိုင်ရာ ပါမောက္ခအဖြစ် ပညာရေးဘက်တွင်လည်း တာဝန်ထမ်းဆောင်ခဲ့ပြီး သင်ကြားရေးနှင့် သုတေသနလုပ်ငန်းရပ်များတွင် ပါဝင်ခဲ့သည်။ ထို့ပြင် ၎င်းသည် နိုင်ငံတစ်ဝန်းရှိ အထက်တန်းကျောင်းသူ၊ ကျောင်းသားများအား တွေ့ဆုံခြင်းဖြင့် လူငယ်များအကြား နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိစိတ်ဓာတ်အား နှိုးဆွပျိုးထောင်ပေးသည့် လုပ်ငန်းတာဝန်ကို ဆောင်ရွက်လျက်ရှိသည်။

ဒေါက်တာကလမ်သည် အိန္ဒိယနိုင်ငံ၏ အထင်ကရသိပ္ပံပညာရှင် အကျော်အမော်တစ်ဦးဖြစ်ပြီး တက္ကသိုလ်နှင့်ပညာရေးဆိုင်ရာ အဖွဲ့အစည်းပေါင်း ၃၀ တို့မှ သိပ္ပံပညာရပ်ဆိုင်ရာ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းခံခဲ့ရသည်။ ၎င်းသည် ပညာရပ်ပိုင်းဆိုင်ရာ တက္ကသိုလ်များမှချီးမြှင့်သည့် ပညာသင်ဆုများနှင့် အခြားဂုဏ်ပြုဆုတံဆိပ် အများအပြားကိုလည်း လက်ခံရရှိခဲ့သည်။ ဒေါက်တာ အေပီဂျေ အဗ္ဗဒူလ်ကလမ်သည် လူသိများသော အရပ်ဘက်ဆိုင်ရာ ဆုတံဆိပ်များဖြစ်သည့် ပဒ္မဘူရှန် တံဆိပ်နှင့် ပဒ္မဝိဘူရှန်တံဆိပ်တို့ကို ၁၉၈၁ ခုနှစ်နှင့် ၁၉၉၀ပြည့်နှစ်တို့တွင် လည်းကောင်း၊ အမြင့်ဆုံးအရပ်ဘက်ဆိုင်ရာ တံဆိပ်ဖြစ်သည့် ဘာရပ်ရာတနာတံဆိပ်ကို ၁၉၉၇ခုနှစ်တွင်လည်းကောင်း အသီးသီး ချီးမြှင့်အပ်နှင်းခြင်းခံခဲ့ရသည်။

ဒေါက်တာကလမ်သည် ၂၀၀၂ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၏ (၁၁)ကြိမ်မြောက် သမ္မတကြီးဖြစ်လာခဲ့သည်။ ၎င်းသည် အိန္ဒိယနိုင်ငံအား သက္ကရာဇ် ၂၀၂၀တွင် ဖွံ့ဖြိုးပြီး နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ကူးပြောင်းနိုင်ရေးအတွက် အာရုံစိုက် ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈-၃-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၅ ၇။ အရေးပြိုင်ပွဲ
- ၈:၂၅ ၈။ ရန်ကုန်တိုင်း မဟူရာရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading
- ၄:၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၃ခုနှစ်)
- ၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ရုက္ခဗေဒအထူးပြု)(ရုက္ခဗေဒ)
- ၅:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၂၀ ၇။ သီချင်းကြီးပဒေသာ
- ၅:၃၀ ၈။ မြန်မာစာ၊မြန်မာစကား
- ၅:၄၀ ၉။ **"အဲဒီမှာစတွေ့တာပဲ" (မင်းအုပ်စိုး၊ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း) (ဒါရိုက်တာ–မင်းအုပ်စိုး)**
- ၅:၄၅ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၀၀ ၁၄။ အတီးပြိုင်ပွဲ
- ၇:၁၀ ၁၅။ (၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၇:၂၅ ၁၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၇:၄၀ ၁၇။ ရန်ကုန်–ဒဂုံတက္ကသိုလ် ရထားလမ်းသစ်နှင့် ဒဂုံတက္ကသိုလ်ဘူတာသစ် အောင်ပွဲ
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ ၂၀၀၆ခုနှစ်(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပဒေသာကပွဲ (အပိုင်း–၂)
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

မတ် ၇ရက်က အကြိမ်(၂၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲ (၂၀၀၆)တွင် ပြည်တွင်းမှ နိုင်ငံသားရတနာကုန်သည်များ ပုလဲအတွဲများကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ဝယ်ယူရန်အတွက် ကြည့်ရှုလေ့လာကြစဉ်။

(သတင်း–ကျော်ဖုံး) (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာ ဦးဇေယျာမင်းသိန်းဦးက အားကစားခန်းမ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုးလုံလေလုံ အားကစားခန်းမ တည်ဆောက်မှုလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကန့်ဘလူမြို့နယ် မြို့မဈေးသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေက ဈေးရုံနှင့် ဈေးဆိုင်ခန်းများ တည်ဆောက်ပြီးစီးမှုနှင့် ဈေးဆိုင်ခန်းများ နေရာချထားပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြားစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဈေးဆိုင်ခန်းများ စနစ်တကျနေရာချထားရေးနှင့် သန့်ရှင်းရေး မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကန့်ဘလူမြို့နယ်ရှိ မဟာရွှေစည်ကြီးစေတီတော်ကို သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အင်ကြင်းကျောက်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကန့်ဘလူမြို့နယ် သစ်တောဦးစီးဌာနရှိ ကန့်ဘလူမြို့အနီးမှ တူးဖော်တွေ့ရှိရသော

အင်ကြင်းကျောက်ကို သွားရောက်ကြည့်ရှုရာ ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးရဲတင့်က အင်ကြင်းကျောက်ထားရှိရာ အမိုးတိုးချဲ့ခြင်း ဆောင်ရွက်မှုအခြေအနေ၊ အင်ကြင်းတောစိုက်ပျိုးရန် ပျိုးပင်များစုဆောင်းမှုအခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အင်ကြင်းကျောက်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျွန်းလှမြို့နယ် ပင်သာတိုက်နယ်ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်၌ ခြံစည်းရိုးကြက်ဆူပင် ၅၀၀၀၀ ပျိုးထောင် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲ ၁၀နာရီတွင် ဇော်ချောင်းကိုဖြတ်၍ ချုပ် တို့ကို ဆက်သွယ်သည့် ကန့်ဘလူ–ကျွန်း ဇော်ချောင်းတံတား ပြုပြင်ဆောင်ရွက်မှုအ လိုအပ်သည်များ မှာကြားသည်။

အဆိုပါဇော်ချောင်းတံတားသည် အ သစ်သားတံတားဖြစ်ကြောင်း သိရှိရသည်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ၁၁နာရီတွင် ကန့်ဘလူမြို့နယ်နှင့် ကော တံတားကို ကြည့်ရှုစစ်ဆေးပြီး ကောလ ဧည့်ခန်းမဆောင်၌ ကသာခရိုင်အတွင်းရှိ အင်းတော်၊ ပင်လယ်ဘူးမြို့နယ်များမှ မြို့န ကောင်စီဥက္ကဋ္ဌများနှင့် တွေ့ဆုံကာ ပ ဆက်သွယ်ရေး၊ ခြံစည်းရိုးကြက်ဆူပင် အ ၍ မှာကြားသည်။

လမ်းအူကြောင်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြ ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ရောက်ရှိပြီး ၎င်းမှတစ်ဆင့် မရသိန်ကျေ ကျေးရွာမှ ခရိုင်ချင်းဆက်လမ်း လမ်းအု စစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲ ကျေးရွာ၊ ငါးပိချောင်းကျေးရွာ၊ ချွန်တော များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တွင် ရောက်ရှိရာ ကျေးရွာရှင်းလင်းဆော ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကန့်ဘလူမြို့နယ် ဌာနဆိုင်ရာများ၏ ခြံစည်းရိုး ကြက်ဆူပင်ပျိုးဥယျာဉ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် မတ် ၇

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနက အထူးဈေးရောင်းပွဲတော်ကို မတ် ၁၀ရက်မှ ၁၉ ရက် အထိ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ရပ်ကွက် မယ်လမုဘုရား မျက်နှာချင်းဆိုင်ရှိ မြေကွက်လပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အဆိုပါဈေးရောင်းပွဲတော်တွင် စက်မှု(၁)မှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းမျိုးစုံကို အထူးဈေးနှုန်းဖြင့် လက်လီလက်ကား ရောင်းချပေးမည်ဖြစ်ရာ မည်သူမဆို လာရောက်ဝယ်ယူနိုင်ကြောင်း၊ ဈေးရောင်းပွဲတော် လာရောက်သူများ အပန်းပြေစေရန် နေ့စဉ်ညနေ ၅ နာရီမှ ည ၇ နာရီခွဲအထိ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးကြမည်ဖြစ်ပြီး စားသောက်ဆိုင်၊ ဖျော်ရည်ဆိုင်များ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်မြို့ ပညာရေးကောလိပ် ဆရာအတတ်ပညာ လက်မှတ်အပ်နှင်းပွဲကျင်းပ

ရန်ကုန် မတ် ၇

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဆဌမအကြိမ်မြောက် ဆရာအတတ်ပညာလက်မှတ် ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက် နံနက် ၉နာရီတွင် ပြည်မြို့ပညာရေးကောလိပ်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် လှမင်းနှင့် အဖွဲ့ဝင်များ၊ ပြည်မြို့ ပညာရေးကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မူမြင့်နှင့် လက်ထောက်ကထိကများ၊ ဌာနမှူးများ၊ နည်းပြများနှင့် ဆရာ၊ဆရာမများ၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်း) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက အမှာစကားပြောကြားပြီး ပြည်မြို့ ပညာရေးကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မူမြင့်က ဆရာအတတ်ပညာ လက်မှတ်အပ်နှင်းပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မူမြင့်က ဆရာအတတ်ပညာလက်မှတ်များကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်ပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

(သတင်းစဉ်)

ကျေးလက်စာကြည့်တိုက်သို့ စာအုပ်များ ပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၇

ဆိပ်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များသို့ တတိယအကြိမ် စာအုပ်များပေးအပ် လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီတွင် ဆိပ်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ငွေသဲဖြူခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်က အမှာစကားပြောကြားပြီး စာကြည့်တိုက်များသို့ စာအုပ်များ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် ရတနာသစ်စာပေပိုင်ရှင် ဦးဉာဏ်အောင်က သုတ/ရသ၊ မဂ္ဂဇင်းအုပ် ၅၀၊ ဇာမဏီစာပေပိုင်ရှင်ဦးသန်းနိုင်က မဂ္ဂဇင်းအုပ် ၂၀ တို့ကို လှူဒါန်းသည်။(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့

၂၀၀၆ ခုနှစ်၊ မတ်လ ၈ ရက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကန့်ဘလူမြို့နယ် မြို့မဈေးသစ် တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူပင် ၅၀၀၀၀ ပျိုးထောင်ထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီတွင် ဇော်ချောင်းကိုဖြတ်၍ ချပ်သင်းကျေးရွာနှင့် သင်တောကျေးရွာတို့ကို ဆက်သွယ်သည့် ကန့်ဘလူ–ကျွန်းလှ–ချပ်သင်း–ကောလင်းလမ်းပေါ်ရှိ ဇော်ချောင်းတံတား ပြုပြင်ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါဇော်ချောင်းတံတားသည် အရှည်ပေ ၁၂၀၊ အမြင့်ပေ ၂၀ ရှိ သစ်သားတံတားဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီတွင် ကန့်ဘလူမြို့နယ်နှင့် ကောလင်းမြို့နယ်စပ်ကြားရှိ ဒေါင်းမြူးတံတားကို ကြည့်ရှုစစ်ဆေးပြီး ကောလင်းမြို့သို့ ရောက်ရှိ၍ ကောလင်းမြို့ ဧည့်ခန်းမဆောင်၌ ကသာခရိုင်အတွင်းရှိ ကောလင်း၊ ဝန်းသို၊ ဗန်းမောက်၊ အင်းတော်၊ ပင်လယ်ဘူးမြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တွေ့ဆုံကာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ခြံစည်းရိုးကြက်ဆူပင် အလေးထားစိုက်ပျိုးရေးတို့နှင့်ပတ်သက်၍ မှာကြားသည်။

လမ်းအူကြောင်းကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ကျောက်ပုထိုး–ထီးချိုင့် လမ်းဆုံသို့ ရောက်ရှိပြီး ၎င်းမှတစ်ဆင့် မရသိန်ကျေးရွာသို့ ရောက်ရှိကြကာ မရသိန်ကျေးရွာမှ ခရိုင်ချင်းဆက်လမ်း လမ်းအူကြောင်းဖောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဘိုကုန်းကျေးရွာ၊ ငါးပိချောင်းကျေးရွာ၊ ချွန်တောင်ကျေးရွာ၊ ဝါးဘိုးချောင်းကျေးရွာများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မရသိန်ကျေးရွာသို့ ညနေ ၅ နာရီတွင် ရောက်ရှိရာ ကျေးရွာရှင်းလင်းဆောင်၌ ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်အောင်က ထီးချိုင့်–ခရမ်းစပ်ကုန်း မိုင် ၆၀ လမ်းဖောက်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ထီးချိုင့်–မရသိန်ရွာ ဆက်သွယ်သည့် ကားလမ်းကို ရာသီမရွေး အသုံးပြုနိုင်သည့်လမ်းဖြစ်အောင် ဖောက်လုပ်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျေးရွာနေပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး ဆွေးနွေးမှာကြားပြီး ပြန်လည်ထွက်ခွာလာရာ ညနေ ၆နာရီတွင် ကျောက်ပုထိုး ဧည့်ရိပ်သာသို့ ရောက်ရှိညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်းအား မစ်ဆူဘီရှီ အထွေထွေမန်နေဂျာတွေ့ဆုံ

ရန်ကုန် မတ် ၇

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား ဂျပန်နိုင်ငံ Mitsubishi Corporation ၏ ရန်ကုန်အခြေစိုက်ရုံးမှ အထွေထွေမန်နေဂျာ Mr. Kiyoyoshi Katagiri နှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ်(၁) စက်မှုဝန်ကြီးဌာနရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(အောက်ပုံ)**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဝန်ကြီးနှင့်အတူ ဦးစီးဌာန လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ကျေးလက်စာကြည့်တိုက်သို့ စာအုပ်များ ပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၇

ဆိပ်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များသို့ တတိယအကြိမ် စာအုပ်များပေးအပ် လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီတွင် ဆိပ်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ငွေသဲဖြူခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်က အမှာစကားပြောကြားပြီး စာကြည့်တိုက်များသို့ စာအုပ်များ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် ရတနာသစ်စာပေပိုင်ရှင် ဦးဉာဏ်အောင်က သုတ/ရသ၊ မဂ္ဂဇင်းအုပ် ၅၀၊ ဓာမဏီစာပေပိုင်ရှင်ဦးသန်းနိုင်က မဂ္ဂဇင်းအုပ် ၂၀ တို့ကို လှူဒါန်းသည်။(သတင်းစဉ်)

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့

၂၀၀၆ ခုနှစ် မတ် ၂၄ ရက်

တီဘီရောဂါကင်းစင်ဖို့ အားလုံးပါဝင် ဆောင်ရွက်စို့

World TB Day

2006 March 24

"Action for Life: towards a world free of tuberculosis"

ကျန်းမာရေးဝန်ကြီးဌာန

...ရာ အမျိုးသမီးများနေ့

...၏ မတ်လ ၈ ရက်

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် နန်းတိုင်း(ဈေးကုန်း)စံပြကျေးရွာ ဘက်စုံဖွံ့ဖြိုးတိုးတက်

ရန်ကုန် မတ် ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် နန်းတိုင်းစံပြကျေးရွာအုပ်စု ဒွန်း–ပေါကဲ ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ရက် နံနက် ၈နာရီခွဲတွင် အခမ်းအနားမှုခ်ဦးရှေ့၌ ကျင်းပရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများ စုစုပေါင်းအင်အား ၃၀၀၀ကျော် တက်ရောက်ကြပြီး အစီအစဉ်အရ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်က လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးရွာလူထုကိုယ်စား ပေါကဲကျေးရွာမှ ဦးဆစ်က ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ဒွန်း–ပေါကဲ ကျေးရွာချင်းဆက် ကျောက်ချောလမ်းကို တောင်ကြီးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်တင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ယင်း ဒွန်း–ပေါကဲလမ်းသည် နန်းတိုင်းကျေးရွာအုပ်စုမှ ဒွန်းကျေးရွာ၊ လမိုင်းကျေးရွာအုပ်စုမှ ပေါကဲကျေးရွာသို့ ဆက်သွယ်ပေးသည့် ကျောက်ချောလမ်းဖြစ်ပြီး လမ်းအရှည်ပေ ၁၂၀၀၀၊ အကျယ် ၁၀ပေရှိ၍ စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၃၉၉၀၀၀၀နှင့် ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၆၇၂၄၀၀၀ ဖြင့် စုစုပေါင်းငွေကျပ် ၁၀၇၁၄၀၀၀ အကုန်အကျခံ ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီး နန်းတိုင်းစံပြကျေးရွာ၌ ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ပွဲ အခမ်းအနားကို ကျင်းပရာ မြို့နယ်စိုက်ပျိုးရေး ဒုတိယမန်နေဂျာ ဦးမြကောင်းက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးနည်းနှင့် အသုံးဝင်ပုံ၊ ကျေးလက်နေ တိုင်းရင်းသားပြည်သူတို့အတွက် ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်ထုတ်လုပ်ပြီး ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ရပ်အဖြစ် စိုက်ပျိုးကြရန် ရှင်းလင်းပြောကြားပြီး ခြံစည်းရိုးကြက်ဆူပျိုးပင်ပေါင်း ၁၁၀၀၀၀ကို ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူလူထုများ စုပေါင်း၍ တပျော်တပါး ပျိုးထောင်စိုက်ပျိုးကြသည်။ ထို့နောက် ခြံစည်းရိုးကြက်ဆူဆီ အသုံးပြုမှု သရုပ်ပြပွဲကို ဆက်လက်ကျင်းပရာ လယ်ယာ(၁၆)လက်တွန်းထွန်စက်၊ မီးစက်၊ ရေစုပ်စက်၊ ထော်လာဂျီ၊ မီးဖိုနှင့် ဆီမီးအိမ်များကို ခြံစည်းရိုးကြက်ဆူဆီအသုံးပြု၍ မောင်းနှင်အသုံးပြုပုံ လက်တွေ့သရုပ်ပြသသည်။ ကလောမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင် ၁၀၂၅ ဧက စိုက်ပျိုးထားရှိပြီး မူလစိုက်ပြီးဧက ၁၅၇ ဧကရှိရာ ယခုအထိ ပျိုးပင်ပေါင်း ၆၈၅၂၀၀ ပျိုးထောင်ထားပြီး ဖြစ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် နန်းတိုင်းစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရာ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့်က မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ ၁၀၀ ကို လည်းကောင်း၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းယုက စာအုပ်မျိုးစုံ ၁၀၀ ကိုလည်းကောင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြတ်စိုးက ရေဒီယိုကက်ဆက်တစ်လုံးကိုလည်းကောင်း၊ နန်းတိုင်းစံပြကျေးရွာ ရပ်မိရပ်ဖ ဦးခွန်ထီးက ငွေကျပ်သုံးသောင်းကိုလည်းကောင်း ကျေးရွာဥက္ကဋ္ဌ ဦးထွန်းရင်ထံ ပေးအပ်လှူဒါန်းကြသည်။ နန်းတိုင်းစံပြကျေးရွာ စာကြည့်တိုက်သည် ၂၀၀၅ ခုနှစ် မေ ၁၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ကလောမြို့နယ်အတွင်း ကျေးရွာတိုင်း စာကြည့်တိုက်ပေါင်း ၁၃၈ တိုက် ဖွင့်လှစ်ပြီးကြောင်း သိရသည်။

အမှာစကား

နန်းတိုင်းစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ အခြေခံပညာမူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် သင်ယူပြီးမြောက်ကြောင်းလက်မှတ် ပေးအပ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ဆောင်က အမှာစကားပြောကြားပြီး လက်မှတ်များကို ကျောင်းသား၊ ကျောင်းသူ ၁၉၈ဦးအား ပေးအပ်သည်။

ယင်းအခမ်းအနားများကျင်းပနေစဉ် နန်းတိုင်းစံပြကျေးရွာ ကျန်းမာရေးဌာန၌ ကျန်းမာရေးပညာ ဟောပြောပွဲကျင်းပရာ မျိုးဆက်ပွားကျန်းမာရေး အကြောင်းကို ကျန်းမာရေးမှူး ဦးခင်မောင်ကျော်က ပညာပေးဆွေးနွေးပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများအား ကာကွယ်ဆေးထိုးခြင်း၊ သက်ကြီးရွယ်အိုများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း စသည်တို့ကို ဆောင်ရွက်ကြသည်။ ထို့အတူ တောင်ကြီးမြို့ ပြည်နယ်ကျန်းမာရေးဌာနမှူး ဒေါက်တာဦးစိုင်းခမ်းလှိုင် ဦးစီးသော အထူးကုဆရာဝန်ကြီးများအဖွဲ့သည် လူနာများအား ကျန်းမာရေးစစ်ဆေးကုသမှုများ ပြုလုပ်ခဲ့ရာ မျက်စိ၊ သွား၊ မီးယပ်နှင့် သားဖွား၊ အထွေထွေရောဂါ လူနာပေါင်း ၁၂၅ဦးကို ကုသပေးခဲ့ပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့များက လိုက်လံကြည့်ရှုအားပေးကြသည်။

ဒူးတိုက်ဆွေးနွေး

ဆက်လက်ပြီး နန်းတိုင်းစံပြကျေးရွာ နန်းတိုင်း(ဈေးကုန်း)ဘုန်းကြီးကျောင်းတွင် အမျိုးသမီးရေးရာအဖွဲ့ စကားဝိုင်းဆွေးနွေးပွဲပြုလုပ်ရာ ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့်က အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းယုက အသင်းဖွဲ့စည်းပုံနှင့် တာဝန်များကိုလည်းကောင်း ဆွေးနွေးကြပြီး အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေး ဒူးတိုက်ဆွေးနွေးကြကြောင်းသိရသည်။

နန်းတိုင်းစံပြကျေးရွာသည် စည်ပင်သာယာဖွံ့ဖြိုးလျက်ရှိသကဲ့သို့ ကလောမြို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ထင်ရှားမြို့တော်အဖြစ် သတ်မှတ်ခဲ့ပြီး ဟိုတယ် ၁၃ ခုတွင် နိုင်ငံခြားခရီးသွားဧည့်သည်များ စိတ်ဝင်စားစွာ လာရောက်အပန်းဖြေ အနားယူလျက်ရှိရာ တစ်နှစ်လျှင် နိုင်ငံခြားဧည့်သည် ၅၀၀၀ ခန့် လာရောက်ကြောင်း သိရသည်။ ကလောမြို့နယ်တွင် ပအိုဝ်း၊ ဓနု၊ ရှမ်း၊ ပလောင် စသည့်တိုင်းရင်းသားများနေထိုင်ကြပြီး ကလောဈေး၊ အောင်ပန်းဈေး၊ ပြည်သာယာဈေး၊ ဟဲဟိုးဈေး၊ ဘော်ဆိုင်းဈေး၊ ကျောက်ထပ်ဈေး၊ နန်းတိုင်းဈေး စသည်ဖြင့် ငါးရက်တစ်ဈေး ဈေးနေ့များတွင် ဒေသအလိုက် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသထွက်ကုန်များရောင်းချကြကြောင်း တွေ့ရှိရသည်။ နန်းတိုင်းဈေးသည်လည်း အာလူး၊ ဂျုံ၊ ပန်းနှမ်း၊ ပဲပုပ်၊ မြေပဲ၊ ချင်း၊ ငရုတ်၊ ကြက်သွန်ဖြူ စသည့်သီးနှံများ လာရောက်ရောင်းချလျက်ရှိကြသည်။

နန်းတိုင်းစံပြကျေးရွာတွင် စိုက်ပျိုးသည့် Hybrid True Potato Seeds အာလူးမျိုးသည် အာလူးမျိုးစေ့(စပ်မျိုး)ဖြစ်ပြီး အထွက်နှုန်း ကောင်းမွန်သည့်မျိုးဖြစ်၍ စိုက်ပျိုးစရိတ် အကုန်အကျသက်သာသဖြင့် တောင်သူများအတွက် စီးပွားဖြစ်ထွန်း အောင်မြင်ကြောင်း သိရသည်။

ထို့ပြင် နန်းတိုင်းစံပြကျေးရွာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကယားပြည်နယ်သို့ သွားသည့် ကားလမ်းမကြီးပေါ်တွင်ရှိသဖြင့် မော်တော်ကား၊ မီးရထား စသဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ စိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်းခြင်း၊ လျှပ်စစ်မီးအသုံးပြုနိုင်ခြင်း၊ ကလောမြို့ပေါ်ရှိ သဘာဝရွှေဥမင်လိုဏ်ဂူဘုရား၊ မြင်းမထိကျေးရွာ မြင်းမထိလိုဏ်ဂူဘုရားနှင့် ကျေးရွာတိုင်း ဘုန်းတော်ကြီးကျောင်းများတွင် စာသင်သံဃာများဖြင့် နယ်မြေအေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဆွမ်းဆက်ကပ်လှူဒါန်းကြမည့် အလှူရှင်များ၏ အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၇

ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဠသမအစည်းအဝေး၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနားများတွင် ဆွမ်းဆက်ကပ် လှူဒါန်းကြမည့် အလှူရှင်များ၏ အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာနာယက ကျောင်းတော်ကြီး၌ ကျင်းပသည်။

ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဠသမ အစည်းအဝေး၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးနှင့် သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ များတွင် ဆွမ်း ဆက်ကပ်လှူဒါန်းရန်အလှူရှင် ဦးလှအေး(ကိုးပါးဆေး)မိသားစုက အလှူငွေ ကျပ် ၁၂သိန်းကို သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးများနှင့် အကျိုးတော်ဆောင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ သာသနာတော်ထွန်းကား ပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်နှင့် တာဝန်ရှိသူများ၊ အလှူရှင် မိသားစုများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ညောင်တုန်းကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသြသဓာဘိဝံသထံမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ အလှူရှင်များဖြစ်ကြသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဦးလှအေးနှင့် ကိုးပါးဆေးမိသားစု (ဝါးတန်းလမ်း လမ်းမတော်)တို့က ငွေကျပ် ၁၂ သိန်းစီ၊(ဦးသိန်းမောင်)-ဒေါ်ပါးပါးတို့အား ရည်စူးအမှူးထား၍ စန္ဒီပရဆေးမိသားစု(ကုန်ဈေးတန်းလမ်း-ပန်းဘဲတန်း)နှင့် ဦးအောင်ဒင်မိသားစု (ဓာဂလမ်း (၄)ရပ်ကွက် တောင်ဥက္ကလာပ) တို့က ငွေကျပ် ရှစ်သိန်းစီ၊ မဟာစည် သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာ့ နုဂ္ဂဟအဖွဲ့ချုပ်နှင့် မောင်ထိန်လင်း-မမြတ်မြတ်ထွန်း (ဆီဆုံလမ်း၊ စမ်းချောင်း) တို့က ငွေကျပ် ခြောက်သိန်းစီ၊ ဦးတင်ဝင်း-ဒေါ်သိန်းသိန်းဦးမိသားစု(ခရေမြိုင်လမ်း သုဝဏ္ဏ) က ငွေကျပ်ငါးသိန်း၊ဒေါ်မြင့်မြင့်သိန်းနှင့် ဒေါ်ခင်ဝင်းမြင့် ညီအစ်မတစ်စု (ပါရမီရိပ်သာနှင့် ကမ္ဘာ့ဇလမ်း) တို့က ငွေကျပ် ၄၁၅၀၀၀၊ ဦးတင်ဝမ်- ဒေါ်လှကျင်မိသားစု (ဦးဝိစာရလမ်း ၊ ဒဂုံ)က ငွေကျပ်သုံးသိန်း၊ ဒေါ်ခင်လှမိသားစု (ဆရာစံရပ်ကွက် ၊ ဗဟန်း)က ငွေကျပ် ၁၅၀၀၀၀၊ ဦးလှမျိုး-ဒေါ်ခင်ဝင်းမော် မိသားစု(ဆရာစံရပ်ကွက်၊ ဗဟန်း)နှင့် ဦးမိုးသွင်-ဒေါ်နုနုရီမိသားစု (အင်းလျားလမ်း)တို့က ငွေကျပ် ၁၅၀၀၀၀၊ (ဦးစံသာကျော်) - ဒေါ်ခင်လေးချစ် မိသားစု (ကန်ရိပ်မွန်အိမ်ရာ၊ လှိုင်) က ငွေကျပ် ၂၅၀၀၀၀၊ ဦးဆန်းဝင်း-ဒေါ်ရီရီဝေ မိသားစု (လှိုင်ရတနာမွန် အိမ်ရာ)က ငွေကျပ်နှစ်သိန်း၊ ဦးတင်မိုး-ဒေါ်အေးရှင်၊ ဦးစိန်ဝမ်း-ဒေါ်မဉ္ဇူထွန်း၊ ဦးအောင်နိုင်ထွန်း (ခေါ်)အောင်အောင်-မစိုးစိုးအေး(၁၄၈-လမ်း၊ တာမွေ)နှင့် ဦးအေးတင်- ဒေါ်ကြူ မိသားစု(ဟသ်ာမင်းစာအုပ်ချုပ်လုပ်ငန်း၊ ၁၄၁-လမ်း တာမွေ) တို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ ဦးကျော်ညွှန့်(ညွှန့်အက်ဆစ် ဓာတုဗေဒ လုပ်ငန်း၊ အင်းလျားမြိုင်လမ်း ဗဟန်း) က ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် - ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခွဲက ငွေကျပ် ငါးသောင်း၊ ဗိုလ်မှူးကြီး သက်ဝေ (အငြိမ်းစား) - ဒေါ်အမာနီ(ခေါ်) ဒေါ်မြမြဝင်း မိသားစု(ရန်အောင်လမ်း သွယ်-၃၊ အရှေ့ရန်ကင်း)က ငွေကျပ် ၉၇၅၀၀ နှင့် ဦးမြင့်ဦး-ဒေါ်ဘုတ် မိသားစု(တောင်ဥက္ကလာပဂေါက်ကွင်း) က ကိုယ်တိုင်ချက်ကပ်ဆွမ်းအလှူအပါ အဝင်ငွေကျပ်၇၇၁၂၅၀၀တို့ကို ပေးအပ် လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးမြင့်နှင့် ဒုတိယ ပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည် တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်း လွှာများ ပြန်လည်ပေးအပ်ကြသည်။

ရေစက်သွန်းချ

ထို့နောက် ညောင်တုန်းဆရာတော်ထံမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ပရိသတ်များက ရေစက်ချ အနုမောဒနာ တရားနာကြားကြပြီး ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

တွေ့ဆုံမှာကြား

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တပ်ကုန်းမြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရပ်မိ၊ ရပ်ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက် ခြံစည်းရိုးကြက်ဆူပင် သတ်မှတ်ချက်နှင့်အညီ စိုက်ပျိုး

ရန်ကုန် မတ် ၇

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရဲထောက်ချုပ်နှင့် ညွှန်ကြားရေးမှူး များလိုက်ပါလျက် မတ် ၅ ရက် နံနက် ၁၀ နာရီတွင် တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ကုန်းမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး အမှာစကားပြောကြားသည်။

ထို့နောက် တပ်ကုန်းမြို့နယ် ရဲတပ်ဖွဲ့စခန်း၌ ကြည့်ရှုစစ်ဆေးပြီး တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များအား တွေ့ဆုံ၍ ဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်တို့သည် အခြေခံဖြစ်ကြောင်း၊ စည်းကမ်းရှိ၍ ကြိုးစားကြရန်လိုအပ်ကြောင်း၊ နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရန်လိုကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်းကြရန် လိုကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကိုလည်း မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုကြောင်း၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး လုပ်ငန်းများဆောင်ရွက်ပြီး ခြံစည်းရိုး ကြက်ဆူပင်များ စီမံကိန်းသတ်မှတ်ချက်နှင့် အညီ စိုက်ပျိုးရန်ပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် တပ်ဖွဲ့ဝင်မိသားစုများနှင့် တွေ့ဆုံပြီး မိသားစု စိုက်ပျိုးမွေးမြူရေးကိစ္စများ ဆောင်ရွက်ရေး၊ ပြည်သူလူထုအား ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး ဆောင်ရွက်ရန် မှာကြားခဲ့သည်။ (သတင်းစဉ်)

❍ **ပြည်တွင်းမှ**

စည်ပင်)၊ ရှေ့တန်း မာလနှင့် ကျော်ဇင်ဝင်း(စီးပွား/ကူးသန်း)၊ ကျော်သူရ (ဘဏ္ဍာ/အခွန်)နှင့် ဆန်းဒေးသိန်း (ဆောက်လုပ်ရေး) စုစုပေါင်း ၁၉ဦးပါဝင်ကြပြီး နည်းပြဆရာများအဖြစ် ဦးဆန်းဝင်းနှင့် ဦးကြည်လွင်တို့က တာဝန်ယူ ဆောင်ရွက်ကြမည်ဖြစ်သည်။

လက်ရွေးစင်(က)အသင်း

လက်ရွေးစင်(က) အသင်းတွင် ဂိုးသမား သီဟစည်သူ(စွန်ရဲ)၊ ဇော်မိုးထက်(စီးပွား/ကူးသန်း)၊ နောက်တန်း မျိုးဇော်ထွန်းနှင့် ချမ်းချမ်း(စီးပွား/ကူးသန်း) အောင်ဇော်မျိုး (မြို့တော်စည်ပင်)၊ ထူးကျော်(ဘဏ္ဍာ/အခွန်)၊ ဇော်ထက်အောင်(စွမ်းအင်)၊ ဇော်မင်းထွန်း(လျှပ်စစ်စွမ်းအား)၊ သန်းထိုက်(စက်မှု-၁)၊ အောင်သူဝင်း(စွန်ရဲ)၊ အလယ်တန်း-သန်းဝဏ္ဏအောင်၊ ကျော်ဌေးဦးနှင့် လှအေးထွေး၊ အားလုံး (မြို့တော်စည်ပင်)၊ အောင်မျိုးသန့် (စီးပွား/ကူးသန်း)၊ ရှေ့တန်း-သူရိန်စိုးနှင့် ဇင်မျိုးအောင်(တံခွန်)၊ ထွန်းမင်းဦး(ကမ္ဘောဇ)နှင့် စထက်နိုင်ဝင်း(စွန်ရဲ) စုစုပေါင်း ၁၈ ဦးပါဝင်သည်။ နည်းပြဆရာများအဖြစ် ဦးတင်ဟန်နှင့် ဦးအေးမောင်လေးတို့က ဆောင်ရွက်ကြမည်ဖြစ်သည်။

လက်ရွေးစင်(ခ)အသင်း

လက်ရွေးစင်(ခ) အသင်းတွင် ဂိုးသမား-သန်းဇော်ဝင်း (တံခွန်)၊ ကျော်ဇင်ထက် (ဆောက်လုပ်ရေး)၊ နောက်တန်း - ဟန်ဝင်းအောင်နှင့် အေးစန်း(ကမ္ဘောဇ)၊ ဝင်းဇော်အောင် (မြို့တော်စည်ပင်)၊ ကျော်ကျော်ထွန်း (အား/ကာသိပ္ပံ)၊ မျိုးမြင့်အောင် (ပို့ဆောင်ရေး)၊ ခင်မောင်လွင်(လယ်/ဆည်)၊ အလယ်တန်း-စောကြယ်လင်း (ပြည်ထဲရေး)၊ ရာဇာဝင်းသိန်း(စီးပွား/ကူးသန်း)၊ ကျော်ကျော်ခိုင် (ဘဏ္ဍာ/အခွန်)၊ ရှေ့တန်း-မင်းမင်းထွန်း (စွမ်းအင်)၊ ကျော်သီဟ(ကမ္ဘောဇ)၊ စည်သူသန်း (ဆောက်လုပ်ရေး)၊ နိုင်ဝင်း(စွမ်းအင်)၊ ပြည့်ဖြိုးဦး (ပို့ဆောင်ရေး)၊ ညီညီစိုး(သစ်တော)နှင့် ဟန်စိုးအောင် (လျှပ်စစ်စွမ်းအား) စုစုပေါင်း ၁၈ ဦးပါဝင်ပြီး နည်းပြဆရာများအဖြစ် ဦးရဲညွှန့်နှင့် ဦးသန်းစိုး(ခ) ဆပ်သီးတို့က တာဝန်ယူ ဆောင်ရွက်ကြမည်ဖြစ်သည်။

လေးပွင့်ဆိုင်ခြေစမ်းပွဲ

၁၄-၃-၂၀၀၆

လက်ရွေးစင်(ခ)နှင့် (၂၃)နှစ်အောက် လက်ရွေးစင်

၁၅-၃-၂၀၀၆

လက်ရွေးစင်(က)နှင့်(၂၃)နှစ်အထက် လက်ရွေးစင်

၁၇-၃-၂၀၀၆

လက်ရွေးစင်(က)နှင့်(၂၃)နှစ်အောက် လက်ရွေးစင်

၁၈-၃-၂၀၀၆

လက်ရွေးစင်(ခ)နှင့် (၂၃)နှစ်အထက် လက် ရွေးစင်

၂၀-၃-၂၀၀၆

လက်ရွေးစင်(က)နှင့် လက်ရွေးစင်(ခ)

၂၁-၃-၂၀၀၆

(၂၃)နှစ်အောက်လက်ရွေးစင်နှင့် (၂၃)နှစ်အထက်လက်ရွေးစင်

ပွဲစဉ်အားလုံးကို အောင်ဆန်းကွင်းတွင် ကျင်းပမည်ဖြစ်ပြီး ညနေ ၄ နာရီတွင် စတင်မည်ဖြစ်သည်။(ကြေးမုံ)

✧ **သွေးစစ်ကိရိယာမှ**

ဆက်နွယ်နေသည့်မျိုးဗီဇနှစ်မျိုးကို သုတေသီများက လေ့လာခဲ့ကြသည်။ ယင်းသို့ လေ့လာရာမှ မျိုးဗီဇများသည် လူနာများကို ဘေးအန္တရာယ်ကင်းရှင်းစွာ တိုက်ကျွေးနိုင်သည့် ဆေးချိန်ပမာဏနှင့် တိုက်ရိုက်ဆက်စပ်မှုရှိသည်ဟု တွေ့ရှိရကြောင်း သတင်းစာက ဖော်ပြထားသည်။

ယင်းသွေးစစ်ကိရိယာကို ဒူလာရောဂါ၊ စိတ်ရောဂါများ၊ သွေးကင်ဆာနှင့် အဆုတ်ကင်ဆာရောဂါတို့ကို ကုသရာတွင်လည်း အသုံးပြုနိုင်ကြောင်း သုတေသီများက ပြောကြားသည်။ ဂျပန်နိုင်ငံရှိ ဆေးရုံများ၌ ဧပြီလတွင် အဆိုပါကိရိယာကို စတင်သုံးစွဲရန် စီစဉ်လျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဘွက်ကြီးတံတားတည်ဆောက်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၄ ရက် မွန်းလွဲပိုင်းတွင် သံတွဲမြို့မှ တောင်ကုတ်မြို့သို့ ရောက်ရှိသည်။ထိုမှ ပြည်-ပန်းတောင်း-တောင်ကုတ်ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ရာ အဆိုပါ လမ်းမိုင်တိုင် ၉၅ မိုင် ၃ ဖာလုံ၌ လမ်းဆောက်လုပ်ရေး အထူးအဖွဲ့(၈)က စက်ယန္တရားကြီးများဖြင့် တောင်မြေဖြို၍ လမ်းတာပေါင်ချဲ့ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မတ် ၅ ရက် နံနက်ပိုင်းတွင် ပြည်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်-ပြည်-မန္တလေးလမ်းမိုင်တိုင်(၂၁၁/၆) ရှိ ဘွက်ကြီးတံတားစီမံကိန်းလုပ်ငန်းသို့ ရောက်ရှိပြီး လုပ်ငန်းများကိုကြည့်ရှုစစ်ဆေးသည်။

ယခုအခါ ပြည်ဘက်ကမ်းချဉ်းကပ်တံတားတိုင် ၁၀ တိုင်တွင် ကိုးတိုင်ပြီးစီးလျက် ပင်မရေလယ်တိုင် ခုနစ်တိုင်တွင် ဘိုးပိုင်တူးခြင်းနှစ်တိုင်ပြီးစီး၍ အောင်လံဘက်ကမ်း ချဉ်းကပ်တံတားတိုင်ရှစ်တိုင်ရှိရာ တစ်တိုင်ပြီးစီးပြီး ကျန်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

မန်ချက်စတာနှင့် ဝီဂန်ယှဉ်ပြိုင်ကစား ပါစကယ်ချင်ဘွန်ဒါ ကိုယ့်ဂိုးကိုယ်သွင်း

လန်ဒန် မတ် ၇

အင်္ဂလန်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၈) လက်ကျန်ပွဲအဖြစ် မန်ချက်စတာယူနိုက်တက်အသင်းနှင့် ဝီဂန်အက်သလက်တစ်အသင်းတို့ တနင်္လာနေ့က ယှဉ်ပြိုင်ကစားရာ မန်ချက်စတာယူနိုက်တက်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပွဲကစားချိန် တစ်နာရီပြည့်လုချိန်တွင် ဝီဂန်အသင်းက ဂိုးသွင်းနိုင်သည်။ ဂိုးပေါက်အနီးတွင် မန်ချက်စတာယူနိုက်တက်အသင်းနှင့် ဝီဂန်အသင်းတို့မှ ဘောလုံးသမားများ လုံးလုံးထွေးထွေး ကစားနေခဲ့ကြပြီးနောက် ဝီဂန်အသင်းမှ ပေါလ်ရှာနားက ဂိုးသွင်းယူနိုင်ခဲ့သည်။

သို့ရာတွင် နောက်ထပ် ၁၄ မိနစ်အကြာတွင် ခရစ္စတီယာနိုရော်နယ်ဒို၏ ကန်သွင်းချက်မှတစ်ဆင့် မန်ချက်စတာယူနိုက်တက်အသင်းက ချေပဂိုး ပြန်လည်သွင်းယူနိုင်သည်။

ဝီဂန်အသင်းသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့် သရေကျမည့် အလားအလာရှိနေသော်လည်း ပွဲသိမ်းခါနီး ကံမကောင်းအကြောင်းမလှသည့် အခြေအနေနှင့် ရင်ဆိုင်ခဲ့ရသည်။ ဒဏ်ရာရ အစားဖြည့်အချိန်ပိုတွင် မန်ချက်စတာအသင်းအတွက် မမျှော်လင့်ဘဲ နောက်ထပ်ဂိုးတစ်ဂိုးရရှိခဲ့သည်။ လူးဝစ်ဆာဟာ ကန်သွင်းသော ဘောလုံးမှာ ဂိုးတိုင်ကိုထိမှန်ကာ ပြန်ထွက်လာပြီးနောက် ဝီဂန်အသင်း နောက်တန်းကစားသမား ပါစကယ်ချင်ဘွန်ဒါနှင့်ထိကာ ကိုယ့်ဂိုးကိုယ်သွင်းမိ၍ မန်ချက်စတာယူနိုက်တက်အသင်း အနိုင်ဂိုးရရှိသွားသည်။

အမ်အင်အေ၊ရိုက်တာ။

မတ် ၆ ရက်က ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းမှ ခရစ္စတီယာနိုရော်နယ်ဒိုနှင့် ဝီဂန်အသင်းမှ ဂရေဟမ်ကာဗန်နပ်စ်တို့ ဘောလုံးယှဉ်လုနေကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပြည်ပ အားကစားသတင်းများ

မတ် ၈ ရက်တွင် ကျင်းပမည့် ချန်ပီယံလိဂ်ရှုံးထွက် ဒုတိယအကျော့ ပြိုင်ပွဲ၌ အေစီမီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ဘာယန်မြူနစ် အသင်းမှ နည်းပြ ဖလစ်မားဂတ်အား မတ် ၇ ရက်တွင် ကျင်းပသော သတင်းစာ ရှင်းလင်းပွဲတွင် တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ချန်ပီယံလိဂ် ဆုဖလားသစ် ပါရီတွင် ခင်းကျင်းပြသမည်

ပါရီ မတ် ၇

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ဆုဖလားသစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ပြင်သစ်နိုင်ငံ မြို့တော်ပါရီတွင် သောကြာနေ့၌ ကျင်းပမည် ဖြစ်သည်။

ဆုဖလားသစ်

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ နှစ် (၅၀)ပြည့် ရွှေရတုသဘင်အထိမ်းအမှတ် အဖြစ် ဆုဖလားသစ်ကို ပြုလုပ်ထားပြီးဖြစ်သည်။ ချန်ပီယံလိဂ်ဆုဖလားသစ် မှာ ငွေဖလားတစ်လုံးဖြစ်ပြီး ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည့် အသင်းများ၏ အမည်စာရင်းအပြည့်အစုံကို ယင်းငွေဖလားပေါ်၌ ရေးထိုး ထားမည်ဖြစ်သည်။

ရီးယဲမဒရစ် တောင်ပံကစားသမားဟောင်း ဖရန့်စစ္စကို ပါကိုဂျင်တိုနှင့် လီဗာပူးအသင်း အသင်းခေါင်းဆောင် စတီဗင်ဂျရတ်တို့သည် ဆုဖလားသစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား၌ ဆုဖလားသစ်ကို ယူအီးအက်ဖ်အေ အမှုဆောင်အရာရှိချုပ် လာခရစ္စတာအော်ဆင်ထံသို့ လွှဲပြောင်းပေးအပ်ရန် စီစဉ်ထားသည်။ ယင်းနောက်တွင် အော်လ်စင်က ဆုဖလားသစ်ကြီးကို အများပြည်သူများအား ပြသနိုင်ရန် ပါရီမြို့တော်ဝန် ဘာထရန်ဒယ်လာကိုးထံ ထပ်ဆင့်လွှဲပြောင်း ပေးအပ်မည်ဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီ၏ ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲကျင်းပချိန် မေ ၁၇ရက်အထိ စတေဒီဖရန့်ခ် အားကစားကွင်းတွင် ဆုဖလားသစ်ကို ခင်းကျင်းပြသထားမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အီသီယိုးပီးယား အမျိုးသမီးအပြေးပြိုင်ပွဲ ပြိုင်ပွဲဝင်သူ ၈၀၀၀ ခန့်ရှိ

အဒစ္စအဘာဘာ မတ် ၇

အီသီယိုးပီးယားနိုင်ငံ အဒစ္စအဘာဘာမြို့၌ တနင်္လာနေ့ကကျင်းပသော အမျိုးသမီးများ၏ ငါးကီလိုမီတာ အပြေးပြိုင်ပွဲ၌ အမျိုးသမီး ၈၀၀၀ခန့် ပါဝင်ယှဉ်ပြိုင်ကြကြောင်း အပြေးပြိုင်ပွဲ ကျင်းပရေးကော်မတီက ပြောကြားသည်။

အမျိုးသမီးများ၏ ငါးကီလိုမီတာ အပြေးပြိုင်ပွဲတွင် ထင်ပေါ်ကျော်ကြားသည့် အားကစားမယ်များဖြစ်သည့် ဟယ်လီဂျီဘရီဆယ်လာစစ်နှင့် မီဆာ လက်ဒီဖာတို့ တက်ရောက်အားပေးခဲ့သည်။ ဟယ်လီသည် ကမ္ဘာ့ပြေးခုန်ပစ် တံခွန်စိုက်ပြိုင်ပွဲ လေးပွဲတွင် ဆုရခဲ့သူဖြစ်သကဲ့သို့ မီဆာလက်မှာလည်း အေသင် အိုလံပစ်အားကစားပွဲတော်တွင် မီတာ ၅၀၀၀အပြေးပြိုင်ပွဲ၌ ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သူဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

သာကေတမြို့နယ် (၃)ရန်ပြေရပ်ကွက် ရန်ကြီးအောင်လမ်းနှင့် ရာဇာ ဓိရာဇ်လမ်းကို ဆက်သွယ်သည့် ဈေးသွားလမ်းကို မီးသတ်ကားများ လွယ်ကူစွာ ဝင်ထွက်နိုင်ရေးအတွက် မတ် ၅ ရက်က မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများစုပေါင်း၍ မြေသားဖို့ခြင်း၊ ကျောက်ခင်းခြင်းများ ဆောင် ရွက်ကြရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဦးနှင့် ရပ်ကွက်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (က-ပ)

ရန်ကုန်တက္ကသိုလ် ဥပဒေကျောင်းသား၊ ကျောင်းသူဟောင်းများ ပထမအကြိမ် မြတ်ဆရာပူဇော်မည်

ရန်ကုန် မတ် ၇

ရန်ကုန်တက္ကသိုလ် ဥပဒေကျောင်းသား၊ ကျောင်းသူဟောင်းများ (၁၉၈၅-၉၃) ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို မတ် ၁၂ရက် (တနင်္ဂနွေ)နေ့ ညနေ ၄နာရီတွင် ကမာရွတ်မြို့နယ် ရွှေရှမ်းကန် (လေ့လော့အဖွဲ့ချုပ်)အနီးတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

အလှူငွေနှင့် ပစ္စည်းများကို ဦးမောင်မောင်ကျော်လင်း ဖုန်း-၃၇၅၄၉၃၊ ဦးချစ်ကိုဇော် ဖုန်း-၀၉-၅၁၀၃၂၃၆၊ ဒေါ်မြင့်မြင့်ကြူ ဖုန်း-၂၉၂၀၆၅၊ ဒေါ်ချောစုမြတ် ဖုန်း ၀၉-၅၀၀၆၄၁၅၊ ဒေါက်တာဥမ္မာခင် ဖုန်း-၅၃၆၅၃၉နှင့် ဒေါ်ချိုချိုဝင်း ဖုန်း-၀၉-၅၁၄၅၁၃၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကမ္ဘာ့ရွှေရင်အေး(ရွှေဖျိုင်းနား) ဆရာတော်ကြီး၏ သုံးလပြည့်အထိမ်းအမှတ် တရားပွဲကျင်းပမည်

ပြည် မတ် ၅

ပြည်မြို့ ရတနာမာရ်အောင်တောရ ကမ္မဋ္ဌာန်းအလင်းပြတိုက်ကြီး၏ ဦးစီး ပဓာန နာယက ဆရာတော် ဖြစ်တော်မူသော ကျေးဇူးတော်ရှင် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိဇ္ဇာဗလ ကမ္ဘာ့ရွှေရင်အေး(ရွှေဖျိုင်းနား) ဆရာတော်ကြီး ဘဝနတ်နန်း စံမြန်းတော်မူသည့် သုံးလပြည့် အထိမ်းအမှတ်အဖြစ် စစ်ကိုင်းမြို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သဲကုန်းသပိတ်အိုင်တောရ ဆရာတော် အမှူးပြုသော သီတဂူမဟာဓမ္မကထိက ဆရာတော်သုံးပါးတို့က တပေါင်း လပြည့်နေ့မှ လပြည့်ကျော် ၂ ရက် (မတ်လ ၁၃ရက်မှ ၁၅ရက်အထိ) မဟာရွှေမြင့်မိုရ် စူဠာမဏိ ဓာတ်ပေါင်းစုစေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြား ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်) ဘွဲ့ရဆရာတော် ထပ်ဆင့်ပူဇော်မည်

ရန်ကုန် မတ် ၇

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)က ကြီးမှူး၍ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ တောင်တွင်းကြီးမြို့ တောင်ပြင် (၁) အောင်မြေဘုံ ကျောင်းတိုက် ဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တတေဇောဘာသ တို့အား မတ် ၁၄ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ သရက်တောကျောင်းတိုက် သာသနာ့ဝံသကျောင်း၌ ထပ်ဆင့်ဂုဏ်ပြု ပူဇော်ပွဲကျင်းပမည် ဖြစ်သည်။ လှူဒါန်းလိုသူများ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်(ငြိမ်း) ဖုန်း-၆၉၉၆၀၂၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုး ဖုန်း-၆၅၁၉၄၃၊ ဘဏ္ဍာရေးမှူးဒေါ်မိမိခိုင် ဖုန်း-၆၄၀၈၆၈တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

တရားမ အထူးအယူခံမှု လေးမှုကြားနာ

ရန်ကုန် မတ် ၇

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် (ရန်ကုန်) တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေးနှင့် ဦးတင်အေးတို့ ပါဝင်သော အထူးအယူခံ ခုံရုံးသည် ယမန်နေ့နံနက် ၁၀နာရီတွင် တရားရုံးချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရ တင်သွင်းသည့် တရားမ အထူးအယူခံမှု လေးမှုကို ရုံးထိုင်ကြားနာကြ သည်။ (သတင်းစဉ်)

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ် ကရသူရီမြို့တွင် ခြိစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲကျင်းပ

ရန်ကုန် မတ် ၇

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ် ကရသူရီမြို့၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်း ပျိုးထောင်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ကရသူရီမြို့ ကြက်ဆူပင်ပျိုးဥယျာဉ်၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မင်းကြည်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအင်အား ၅၀၀ ခန့် တက်ရောက်၍ စုပေါင်းပျိုးထောင် စိုက်ပျိုးကြသည်။

အလားတူ ဘုတ်ပြင်းမြို့ အဝေးပြေး ယာဉ်ရပ်နားစခန်းဝင်းအတွင်း ခရီးသွားပြည်သူများ အရိပ်ရစေရန်နှင့် သာယာလှပစေရန် သစ်ပင်စိုက်ပျိုးပွဲကို ဖေဖော်ဝါရီ ၁၈ ရက်တွင် အဆိုပါဝင်းအတွင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ဘုတ်ပြင်းတပ်နယ်မှ ဗိုလ်မှူးချုပ်သူရသက်ဦးမောင်နှင့် တာဝန်ရှိသူများက စိန်ပန်းပင်၊ စွယ်တော်ပင်၊ ပိတောက်ပင်၊ ပင်လယ်ကဗွီးပင်နှင့် ရေတမာပင်တို့ကို စိုက်ပျိုးပေးကြသည်။

(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နဝမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှုရက်သတ္တပတ်အထိမ်းအမှတ် ယင်လုံအိမ်သာနှင့် သန့်လေးသန့် အကြောင်း ဟောပြောပွဲကို မတ် ၄ ရက်က မြို့နယ် သားဖွားခန်းတွင်ကျင်းပရာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ် အဖွင့်အမှာစကားပြောကြား၍ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါက်တာဆွေဆွေဝင်းက ရပ်ကွက်အသင်းခွဲများသို့ ယင်လုံအိမ်သာအတွက် ပစ္စည်းများပေးအပ်စဉ်။ (မိခင်/ကလေး)

ကြေးမုံ The Mirror
ပြည်တွင်း
အားကစားသတင်းများ

မြန်မာလိဂ် အဆင့်မြင့်တန်းပွဲ စွမ်းအင်နိုင် လယ်ယာ/ထွက်ကုန်နှင့် ကမ္ဘောဇသရေကျ

ရန်ကုန် မတ် ၇

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ စွမ်းအင်အသင်း အနိုင်ရရှိသွားပြီး လယ်ယာထွက်ကုန်အသင်းနှင့်ကမ္ဘောဇအသင်းတို့ တစ်ဂိုးစီသရေကျသွားသည်။

သုဝဏ္ဏကွင်း

စွမ်းအင်အသင်း သုံးဂိုး
(ရန်နောင်စိုး၊ အောင်ကျော်မျိုးနှင့် ဝေယံမောင်-တစ်ဂိုးစီ)
ပြည်ထဲရေးအသင်း တစ်ဂိုး
(နေသူလှိုင်)
ဒိုင်လူကြီး ဦးထွန်းရှင်

စွမ်းအင်အသင်းမှာ ပထမပိုင်းတွင် ခြေစွမ်းမပြနိုင်ဘဲ တစ်ဂိုးဖြင့် ရှုံးနိမ့်နေရာမှ ဒုတိယပိုင်းတွင် ကစားကွက်ပြန်မိလာပြီး ချေပဂိုးနှင့် အနိုင်ဂိုးနှစ်ဂိုးကို သွင်းယူနိုင်ခဲ့၍ သုံးမှတ်အပြည့်ရခဲ့ခြင်းဖြစ်သည်။

စွမ်းအင်အသင်းမှာ ယနေ့ပွဲအနိုင်ရရှိလိုက်၍ ရမှတ် ၃၀ ဖြင့် ဒုတိယနေရာမှ စီးပွားကူးသန်းနှင့် တစ်မှတ်သာကွာတော့ရာ စီးပွားကူးသန်းအသင်း၏ ဒုတိယနေရာကိုပင် ခြိမ်းခြောက်လာပြီဖြစ်သည်။ ပြည်ထဲရေးအသင်းမှာ ပထမပိုင်းတွင် အနိုင်ရနေသော်လည်း ဒုတိယပိုင်း ၄၅ မိနစ်တွင် အနိုင်ကိုမထိန်းနိုင်၍ ရှုံးရခြင်းဖြစ်သည်။

ပထမပိုင်းတွင် အသင်းခေါင်းဆောင် နေသူလှိုင်နှင့် စည်သူဝင်းတို့၏ တိုက်စစ်အတွဲကို စွမ်းအင်ခံစစ်ကြောင်း မိမိရရ မထိန်းနိုင်ခဲ့၍ ၁၇ မိနစ်တွင် စည်သူဝင်းကန်သွင်းသော ဘောလုံးကို ဂိုးသမားကျော်မင်းလှိုင် ကာကွယ်ရာမှ ပြန်ထွက်လာစဉ် နေသူလှိုင်က ပြည်ထဲရေးအသင်းအတွက် ဦးဆောင်ဂိုးစတင်သွင်းယူသည်။ စွမ်းအင်အသင်းမှာ ချေပဂိုးရရှိရေး အားထည့်ကစားသော်လည်း အတွဲမမိခြင်း၊ ဘောလုံးပေးပို့မှု မတိကျခြင်းတို့ကြောင့် တိုက်စစ်ပျောက်ကာ ပထမပိုင်းတွင် ပြည်ထဲရေးက တစ်ဂိုးအသာဖြင့် အနိုင်ရနေသည်။

ဒုတိယပိုင်းတွင် စွမ်းအင်အသင်း အချိတ်အဆက်မိမိ ကစားလာနိုင်သည်။ ထို့ကြောင့် ရန်နောင်စိုးက ချေပဂိုး ပြန်လည်သွင်းယူပြီး အောင်ကျော်မျိုးက ဒုတိယအနိုင်ဂိုး၊ ဝေယံမောင်က တတိယအနိုင်ဂိုး သွင်းယူနိုင်ခဲ့၍ ပွဲအပြီးတွင် စွမ်းအင်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားခြင်းဖြစ်သည်။

ယနေ့ပွဲအပြီးတွင် စွမ်းအင်အသင်းက ၁၄ ပွဲကစား၊ ကိုးပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံး၊ ၂၄ဂိုးသွင်း၊ ၁၃ ဂိုးပေး ၃၀မှတ်ဖြင့် ဒုတိယနေရာတွင် လည်းကောင်း၊ ပြည်ထဲရေးအသင်းက ၁၄ပွဲကစား၊ ငါးပွဲနိုင်၊ သုံးပွဲသရေ၊ ခြောက်ပွဲရှုံး၊ ၁၉ဂိုးသွင်း၊ ၂၅ဂိုးပေး၊ ၁၈မှတ်ဖြင့် နဝမနေရာတွင် လည်းကောင်း ဆက်လက်ရပ်တည်နေသည်။

အောင်ဆန်းကွင်း

လယ်/ယာထွက်ကုန် တစ်ဂိုး
ကမ္ဘောဇ တစ်ဂိုး

ကမ္ဘောဇအသင်းက ၁၄ ပွဲကစား ခြောက်ပွဲနိုင်၊ သုံးပွဲသရေ၊ ငါးပွဲရှုံး၊ ၁၄ ဂိုးသွင်း၊ ၁၆ ဂိုးပေး၊ ၂၁မှတ်ဖြင့် သတ္တမနေရာတွင် လည်းကောင်း၊ လယ်/ယာထွက်ကုန်အသင်းက ၁၄ ပွဲကစား၊ သုံးပွဲနိုင်၊ လေးပွဲသရေ၊ ခုနစ်ပွဲရှုံး၊ ၁၂ဂိုးသွင်း၊ ၂၆ဂိုးပေး၊ ၁၃ မှတ်ဖြင့် အဆင့် ၁၃နေရာတွင်လည်းကောင်း ရပ်တည်နေကြသည်။

ယနေ့ပွဲ

အောင်ဆန်းကွင်း

စီးပွား/ကူးသန်း နှင့် ဘဏ္ဍာ/အခွန်

သုဝဏ္ဏကွင်း

သစ်တောရေးရာ နှင့် စွန်ရဲ

(ကြေးမုံ)

စွမ်းအင်တိုက်စစ်မှူး မျိုးဇော်ဦးက ပြည်ထဲရေးအသင်းမှ ချစ်ကိုကိုအား ဖြတ်ကျော်ဂိုးသွင်းရန် ကြိုးပမ်းစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေး

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်မှုရှိစေရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အမှုဆောင်အဖွဲ့ဝင်များနှင့် နည်းပြဆရာများ ပါဝင်သောအဖွဲ့သည် အားကစားဂျာနယ်များနှင့် အားကစားကလောင်ရှင်များအား တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီက အဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များကို ရှင်းလင်းသုံးသပ်ခြင်း၊ ရှေ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ လက်ရွေးစင်ဘောလုံးအသင်းများ ဖွဲ့စည်းရေး၊ ဖူဆယ်ဘောလုံး အားကစားတိုးတက်ရေး ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ စသည့် မြန်မာဘောလုံးအားကစား တိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ (ကြေးမုံ)

ဒုတိယတန်း၊ တတိယတန်း ကွင်းပိတ်ဘောလုံးပွဲ First Eleven အသင်း အနိုင်ရဗိုလ်စွဲ

ရန်ကုန် မတ် ၇

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ ဒုတိယတန်း၊ တတိယတန်း ကွင်းပိတ် (ရှုံး/ထွက်) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် First Eleven အသင်းနှင့် လွန်းပျံအသင်းတို့သည် ယနေ့ညနေ ၃ နာရီက ပဒေသာကွင်းတွင် ယှဉ်ပြိုင်ကစားကြရာ First Eleven အသင်းက အချိန်ပို၌ ငွေဂိုးသွင်းယူပြီး သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

First Eleven အသင်း သုံးဂိုး
[ကျော်စွာအုန်း၊ ထွန်းတင့်နိုင်နှင့် အောင်ဇော်လင်း(ငွေဂိုး)-တစ်ဂိုးစီ]
လွန်းပျံအသင်း နှစ်ဂိုး
(ကျော်သူရနှင့် ညီညီထွန်း)
ဒိုင်လူကြီး ဦးကံသိန်း

First Eleven အသင်းသည် လွန်းပျံအသင်းကို ငွေဂိုးဖြင့် အနိုင်ရဗိုလ်စွဲပြီး ကွင်းပိတ်ချန်ပီယံဖြစ်ခဲ့ရာ ဒုတိယတန်း ကွင်းဖွင့်ဖလား၊ အမှတ်ပေးဖလားတို့ကို ဆွတ်ခူးရရှိပြီးဖြစ်၍ တစ်ရာသီအတွင်း ဖလားသုံးလုံး ဆွတ်ခူးရရှိသွားသည်။

First Eleven အသင်းနှင့် လွန်းပျံအသင်းတို့သည် သာမန်ကစားချိန် မိနစ် ၉၀တွင် နှစ်ဂိုးစီသရေကျနေ၍ အချိန်ပိုဆက်လက်ယှဉ်ပြိုင်ခဲ့ရပြီး အချိန်ပိုတွင် First Eleven က ငွေဂိုးသွင်းယူနိုင်ခဲ့သဖြင့် ကွင်းပိတ်ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

First Eleven အသင်းနှင့် လွန်းပျံအသင်းတို့သည် ဗိုလ်လုပွဲဖြစ်သည့်အားလျော်စွာ ခြေကုန်ထုတ်ကစားသွားသည်။ Firet Eleven အသင်းအတွက် ဂိုးများကို ၃၄ မိနစ်တွင် ကျော်စွာအုန်းက ပထမဂိုး၊ ၆၄ မိနစ်တွင် ထွန်းတင့်နိုင်က ဒုတိယဂိုးနှင့် ၁၀၅ မိနစ်တွင် အောင်ဇော်လင်းက အနိုင်ဂိုး (ငွေဂိုး)ကို သွင်းယူခဲ့ကြပြီး လွန်းပျံအသင်းအတွက် ဂိုးများကို ၃၂ မိနစ်တွင် ကျော်သူရနှင့် ၆၅ မိနစ်တွင် ညီညီထွန်းတို့က တစ်ဂိုးစီ သွင်းယူခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဦးတင်အောင် (ဂိုး)က တတိယတန်း အမှတ်ပေးပြိုင်ပွဲ ဒုတိယဆုရ ဘောဘီဗိုက်တာအသင်းအား ဆုတံဆိပ်နှင့် ငွေသားကျပ် ငါးသိန်း၊ ဒုတိယတန်း အမှတ်ပေးပြိုင်ပွဲ ဒုတိယဆုရ ဝီရအသင်းအား ဆုတံဆိပ်နှင့် ငွေသားကျပ် ၁၀သိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဦးသန်းတိုးအောင်က ကွင်းပိတ်ပြိုင်ပွဲ ဒုတိယဆုရ လွန်းပျံအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားကျပ် ငါးသိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က ကွင်းပိတ်ပြိုင်ပွဲ ပထမဆုရ First Eleven အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက ဒုတိယတန်းပြိုင်ပွဲတွင် ဂိုးအများဆုံးသွင်းယူခဲ့သော ထွန်းနောင် (ဝီရအသင်း)အား ရွှေဖိနပ်နှင့် Fresh Aircon ကိုလည်းကောင်း၊ တတိယတန်း ပြိုင်ပွဲတွင် ဂိုးအများဆုံးသွင်းယူခဲ့သော စိုးသူရ (Winner အသင်း) အား ရွှေဖိနပ်ဆုနှင့် Fresh Aircon ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညဏ်ထွန်းက တတိယတန်းအမှတ်ပေးပြိုင်ပွဲ ပထဆုရ Winner အသင်းအား ဆုတံဆိပ် တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေကျပ် ၁၀သိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဒုတိယတန်း အမှတ်ပေးပြိုင်ပွဲ ပထမဆုရ First Eleven အသင်းအား ဆုတံဆိပ်၊ ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေကျပ် ၁၅သိန်းကိုလည်းကောင်း၊ ဒုတိယတန်း၊ တတိယတန်း ကွင်းပိတ် ရှုံးထွက်ပြိုင်ပွဲ ပထမဆုရ First Eleven အသင်းအား တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေကျပ် ၁၀သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ ဒုတိယတန်း၌ ဖလားသုံးလုံး ဆွတ်ခူးရရှိသွားသည့် First Eleven အသင်း။ (ကြေးမုံ)

တိုက်ဂါး မြန်မာ အပျော်တမ်းတံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပ

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Brewery Ltd. က အဓိက ကူညီပံ့ပိုးသော ၂၀၀၆ ခုနှစ် တိုက်ဂါးမြန်မာ အပျော်တမ်းတံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် တည်ငင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသည်။

၂၀၀၆ ခုနှစ် တိုက်ဂါးမြန်မာ အပျော်တမ်း တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အပျော်တမ်း ဂေါက်သီးရိုက် အားကစားသမား ၁၁၁ဦး ပါဝင်ယှဉ်ပြိုင်ကစားကြသည်။

စတင်ကျင်းပ

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင် ဂေါက်သီးရိုက် အားကစားသမားများက တီခုံ (၁)၌ နေရာယူကြပြီး MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ Mr. David Teng (General Manager. Myanmar Brewery Ltd.) နှင့် Mr. Vitor Seah (Commercial Manager. Myanmar Brewery Ltd.) တို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပထမနေ့ ၁၈ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် နိုင်နိုင်လင်းက သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်ပြီး ၇၁ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ အောင်ဝင်းက ၇၄ချက်ဖြင့် ဒုတိယလိုက်ပြီး ဘိုဘိုနှင့်မျိုးနိုင်တို့က ၇၅ ချက်စီဖြင့် တတိယလိုက်ကာ၊ ကျော်သီဟနှင့် ဌေးဝင်းတို့က ၇၆ ချက်စီဖြင့် စတုတ္ထလိုက်နေကြသည်။

ပါဝင်ကူညီ

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Myanmar Brewery Ltd. ဖြစ်ပြီး Co-Sponsors များအဖြစ် Air Mandalay Ltd.၊ KM Golf Centre၊ Imperial Jade Drinking Water၊ Accel International Co., Ltd. (CANON)၊ Yangon Golf Club နှင့် Han Golf Masters Academy တို့က အသီးသီး ပါဝင်ကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးသည်။

မတ် ၈ရက် နံနက် ၇နာရီခွဲတွင် ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကလပ်၌ပင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

၂၀၀၆ ခုနှစ် တိုက်ဂါး မြန်မာ အပျော်တမ်း တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် Mr.David Teng (General Manager Myanmar Brewery Ltd.) က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

မြို့ရှာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ပရိယတ္တိစာအောင်ဆုနှင်းပွဲ ဘိုကလေးမြို့၌ကျင်းပ

ဘိုကလေး မတ် ၆

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ဆရာတော်ကြီးများကြီးမှူး၍ မြို့မဆွမ်းလောင်းအသင်းမှ တာဝန်ယူကျင်းပသည့် (၂၇)ကြိမ်မြောက် မြို့နယ်ပရိယတ္တိသာသနပါလစာမေးပွဲကြီးကို ဖေဖော်ဝါရီလ ၂၇ရက်မှ မတ် ၄ ရက်အထိ ခြောက်ရက်တိုင်တိုင်၊ မြို့နယ်ဓမ္မာရုံသာသနာ ဗိမာန်ကြီးတွင် ကျင်းပခဲ့ရာ သံဃာတော်နှင့်သီလရှင် ၂၂၅ ပါး ဝင်ရောက်ဖြေဆိုတော်မူကြသည်။

စာအောင်ဆုနှင်းသဘင် အခမ်းအနားကို မတ် ၅ရက် မွန်းလွဲ ၂ နာရီတွင် မြို့မဆွမ်းလောင်းအသင်းကြီး မြို့နယ်ဓမ္မာရုံတွင် ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် မြို့ပေါ်စာသင်တိုက် ကျောင်းတိုက်ပေါင်း ၅၃ တိုက်မှ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်သာသနာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်နှင့်ရပ်ကွက်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာကော်မတီဝင်များ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဝတ်အသင်းများနှင့် အလှူရှင်များ တက်ရောက်ကြသည်။ **(၁၇၂)**

ဒေးဒရဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အတွင်း ခြစည်းရိုးကြက်ဆူပင်မျိုးစေ့ ၃၀၀၀ ပျိုးထောင်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က စည်ပင်ဝန်ထမ်းများက ပျိုးအိတ်များအတွင်း ပျိုးထောင်စိုက်ပျိုးကြရာ အမှုဆောင် အရာရှိ ဦးအောင်ကျော်မျိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဝင်းထွဋ်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်ပြန်/ဆက်)

တွဲဖက်အလယ်တန်းကျောင်းဆောင်သစ် ပန္နက်တင်အုတ်မြစ်ချ မင်္ဂလာကျင်းပ

တန့်ဆည် ဖေဖော်ဝါရီ ၂၇

ရန်ကုန်မြို့နေ ဦးချစ်မွေး–ဒေါ်မြင့်မြင့်ရီ (သပြေညိုအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)မိသားစုတို့ကဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ်ပန္နက်တင်အုတ်မြစ်ချ မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက်နံနက်က သစ္စေးကုန်းကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်း ကျောင်းဝင်းအတွင်း၌ ကျင်းပရာ အဆိုပါ အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်မိသားစု၏ ကိုယ်စားလှယ်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

တက်ရောက်

အခမ်းအနားတွင် ရှေးဦးစွာ မင်္ဂလာအချိန်၌ ဆောက်လုပ်ရေးကော်မတီ ဦးအောင်မင်းက မင်္ဂလာဘိသိက်သွန်းလောင်းပြီး မြို့နယ်ပညာရေးမှူး ဦးကံသိန်း၊ တန့်ဆည်အထကကျောင်းအုပ်ဆရာကြီးဦးသန်းဆွေ၊ သစ္စေးကုန်းအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးထွန်းပိုင်၊ ကျောင်းအုပ်ဆရာကြီး ဦးအိမ်ကြီးမောင်နှင့် ဦးချစ်ဌေးတို့က ပတ္တမြားအုတ်၊ နီလာအုတ်၊ မြအုတ်၊ ရွှေအုတ်၊ ငွေအုတ်များကို သတ်မှတ်နေရာအသီးသီးတွင် စီပေးကြသည်။**(အပေါ်ပုံ)** **(ပညာရေး)**

ဂုဏဝိသိဋ္ဌပူဇော်ပွဲ ကျင်းပမည်

သန်လျင် မတ် ၆

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အောင်ချမ်းသာ (၃) ရပ်ကွက်ရှိ ကသစ်ဝိုင် အောင်ချမ်းသာ ဓမ္မရိပ်သာ၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ အာစာရသိက္ခ၏ မဟာကမ္မဋ္ဌာနာစရိယ ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ အခမ်းအနားကို မတ် ၁၉ ရက် (တပေါင်းလပြည့်ကျော် ၆ ရက်) တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်၍ ကြွရောက် ကြည်ညိုပူဇော်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဇကာကြီးကျေးရွာ ဆေးရုံရှေ့လမ်း ကျောက်ချောလမ်းခင်းရန် ကျောက်စီနေမှုအား ဖေဖော်ဝါရီ ၁၀ ရက်က အမှုဆောင်အရာရှိ (လက်ထောက် ညွှန်ကြားရေးမှူး) ဦးအောင်မြင့်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်သွင်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်/စည်ပင်)

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ်၌ ကြက်ဆူပင်စိုက်ပျိုးပွဲတော် ကျင်းပ

ဟုမ္မလင်း ဖေဖော်ဝါရီ ၅

စစ်ကိုင်းတိုင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံးဝင်းအတွင်း၌ ခြစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်ကို နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။

အခမ်းအနားသို့ ခန္တီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းဉာဏ်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ကြည်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ လူမှုရေးအသင်းအဖွဲ့ အစည်းအသီးသီးတို့မှ ပုဂ္ဂိုလ်များ စုစုပေါင်း အင်အား ၂၅၀ တက်ရောက်သည်။

ဟုမ္မလင်းမြို့နယ်အနေဖြင့် ၂၀၀၆ မှ ၂၀၀၈အထိ သုံးနှစ်အတွင်း ဧက ၄၆၂၀၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ပြီး ၂၀၀၆ ခုနှစ်အတွက် ဧက ၁၅၁၀၀ စိုက်ပျိုးရန် သတ်မှတ်သည်။ ယခုနှစ်အတွက် ခြစည်းရိုးကြက်ဆူပင် စိုက်ပျိုးဧက ၄၆၁ဖြစ်ပြီး ပျိုးထောင်ပြီးအပင် ၈၇၈၃၆ နှင့် ကိုင်းပျိုးအပင်ပေါင်း ၃၀၀၀ စုစုပေါင်း ၉၀၈၃၆ ပင် ဖြစ်သည်။ **(မြို့နယ်ပြန်/ဆက်)**

မြို့နယ်သတင်းများ

ရေဦးမြို့နယ် မိခင်နှင့် ကလေးအသင်း စာကြည့်တိုက်စီမံခန့်ခွဲမှု သင်တန်းဖွင့်

ရေဦး ဖေဖော်ဝါရီ ၂၄

ရေဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက်ပညာစီမံခန့်ခွဲမှု(ဆင့်ပွား) သင်တန်းအမှတ်စဉ် (၁/၂၀၀၆)ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၂၃ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထင်ကျော်အေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ရှင်သန်ဖွံ့ဖြိုးရေး ရှင်းလင်း ဆွေးနွေးသည်။

အဆိုပါသင်တန်းသို့ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ မြို့ပေါ် ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၃ အုပ်စုတို့မှ စာကြည့်တိုက်ကော်မတီနှင့် စာကြည့်တိုက်တာဝန်ခံများ စုစုပေါင်း ၉၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်ကြောင်းသိရှိရသည်။ **(မိခင်/ကလေး)**

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၁၅ရက်က ဝန်ထမ်းများစုပေါင်း၍ လမ်းဘေးဝဲ၊ ယာသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ထုံး၊ ဆေးသုတ်ခြင်းဆောင်ရွက်နေမှုအား အမှုဆောင်အရာရှိ ဦးစောရွှေနှင့်တာဝန်ခံအင်ဂျင်နီယာဦးတင်အောင်ဌေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်/စည်ပင်)

စေတနာညကျောင်းသင် ဆရာ၊ဆရာမများအားဂုဏ်ပြု

ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၇

၂၀၀၅–၂၀၀၆ခု ပညာသင်နှစ် ပြင်ဦးလွင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့အမျိုးသမီးရေးရာစေတနာညကျောင်းသင် ဆရာ ဆရာမများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက်နေ့က အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ပြုလုပ်သည်။

ပေးအပ်

ဂုဏ်ပြုပွဲသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မာကြည်နှင့်အဖွဲ့ဝင်များ အခြေခံပညာ အထက်/အလယ်ကျောင်းအုပ်ဆရာ/ဆရာမကြီးများ တက်ရောက်ကြသည်။ထို့နောက်စေတနာဆရာ/ဆရာမများအား မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မာကြည်မှ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ **(၄၂၁)**

မန္တလေးအောင်မြေသာစံမြို့နယ်တွင် တက္ကသိုလ်ဝင်ဘာသာရပ်အနီးကပ်ပို့ချ

မန္တလေး ဖေဖော်ဝါရီ ၂၂

မန္တလေးအောင်မြေသာစံမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ စေတနာညကျောင်းမှ ကျောင်းသူ၊ ကျောင်းသားများ တက္ကသိုလ်ဝင်ဘာသာရပ်အနီးကပ် ပို့ချချက်သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်နေ့က အမှတ် (၄)အခြေခံပညာ အထက်တန်းကျောင်း နဝဒေးခမ်းမတွင်ပြုလုပ်သည်။

အဆိုပါ ဖွင့်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်၊ အတွင်းရေးမှူး ဦးငွေလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ရီရီသောင်းနှင့်အသင်းဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ညကျောင်း ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ဘာသာရပ်ပို့ချမည့်ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများတက်ရောက်သည်။**(အပေါ်ပုံ)**

အနီးကပ်ပို့ချ

ထို့နောက် မြို့နယ်ပညာရေးမှူးက အထောက်အကူပြုတက္ကသိုလ်ဝင်ဘာသာရပ်ပို့ချချက် သင်တန်းကိစ္စရပ်များ ရှင်းပြသည်။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝ၊ ဘောဂဗေဒဘာသာရပ်များကို ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၁၉ ရက်များတွင် အနီးကပ်ပို့ချကြောင်း သိရသည်။ **(၃၈၇)**

အကြိမ်(၂၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲ(၂၀၀၆)စတင် ပုလဲအတွဲ ၁၉၀ ကို တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်

ရန်ကုန် မတ် ၇

ပြည်ပမှ ပုလဲများ ဝင်ရောက်နေရာယူမှုအား ဟန့်တားလျက် မြန်မာ့ပုလဲအနေဖြင့် နိုင်ငံတော်ဝင်ငွေ တိုးတက်ရရှိနိုင်ရေး ရည်ရွယ်ချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ အကြိမ်(၂၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲ (၂၀၀၆)ကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကံဘဲ့လမ်းအမှတ် (၉၀) သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ စတင်ရောင်းချသည်။

အဆိုပါ အကြိမ်(၂၀)မြောက် ပြည်တွင်း ပုလဲရောင်းချပွဲ(၂၀၀၆)သို့ ပြည်တွင်းမှ နိုင်ငံသား ရတနာကုန်သည်ပေါင်း ၄၀ ကျော်တို့ တက်ရောက်၍ ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ဝယ်ယူကြမည်ဖြစ်သည်။

ရောင်းချ

အကြိမ်(၂၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းဌာနပိုင် ပုလဲအတွဲပေါင်း ၁၉၀ တွဲ၊ ပုလဲလုံးရေ ၂၀၁၇၄ လုံး၊ အလေးချိန် ၁၁၂၄၉ ဒသမ ၃၀ မိုမီကို မြန်မာကျပ်ငွေဖြင့် ရောင်းချသွားမည်ဖြစ်သည်။

အကြိမ်(၂၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲတွင် ပြည်တွင်းမှ နိုင်ငံသား ရတနာကုန်သည်များသည် ယနေ့နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ပုလဲအတွဲများကို ကြည့်ရှုလေ့လာကြရာ မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုး၊ အထွေထွေမန်နေဂျာ ဦးစိန်လွင်နှင့် တာဝန်ရှိသူများက လိုက်လံကြိုးကြပ်ဆောင်ရွက်ပေးပြီး ရတနာကုန်သည်များအား ရှင်းရှင်းနီးနီး နှုတ်ဆက်သည်။

အကြိမ်(၂၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲကို မတ် ၈ရက်နှင့် ၉ရက်တို့တွင် နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၅ နာရီအထိ တင်ဒါစနစ် မြန်မာကျပ်ငွေဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် (တောင် ပိုင်း) ကလောမြို့နယ် နန်းတိုင်း(ဈေးကုန်း)စံပြကျေးရွာ ခရမ်းချဉ်သီး ကြက်ဆူ ပင် ပျိုးထောင်ပွဲ အခမ်းအနားတွင် လူမှုရေး အသင်း အ ဖွဲ့ ဝင် များ၊ ကျေးရွာပြည်သူ များ စုပေါင်း၍ ခရမ်းချဉ်ရိုး ကြက် ဆူပင်များ ပျိုး ထောင် စိုက်ပျိုး ကြစဉ်။

(သတင်း-၉)

(သတင်းစဉ်)

ပြည်တွင်းလေးပွင့်ဆိုင်ခြေစမ်းပွဲ အောင်ဆန်းကွင်းတွင် ကျင်းပမည်

ရန်ကုန် မတ် ၇

အပြည်ပြည်ဆိုင်ရာ ဘောလုံးပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အတွက် မြန်မာ့လက်ရွေးစင်အသင်းနှင့် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများဖွဲ့စည်းရန် ပြည်တွင်းလေးပွင့်ဆိုင်ပတ်လည်ခြေစမ်းဘောလုံးပွဲကို မတ် ၁၄ရက်မှ ၂၁ရက်အထိ အောင်ဆန်းကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

လေးပွင့်ဆိုင်ခြေစမ်းပွဲကစားမည့် အသင်းများမှာ (၂၃)နှစ်အထက် လက်ရွေးစင်အသင်း၊ (၂၃)နှစ်အောက် လက်ရွေးစင်အသင်း၊ လက်ရွေးစင်(က)အသင်းနှင့် လက်ရွေးစင်(ခ)အသင်းတို့ဖြစ်ကြသည်။

(၂၃)နှစ်အထက် လက်ရွေးစင်အသင်း

လေးပွင့်ဆိုင်ခြေစမ်းပွဲကစားမည့် (၂၃)နှစ်အထက် လက်ရွေးစင်အသင်းတွင် ဂိုးသမား အောင်အောင်ဦး (ဘဏ္ဍာ/အခွန်)၊ ကိုကိုအောင် (တံခွန်)၊ နောက်တန်း ဇော်လင်းထွန်း-၁ (ပြည်ထဲရေး)၊ ဇော်လင်းထွန်း-၂ (စီးပွား/ကူးသန်း)၊ အောင်ကျော်မြင့် (ဘဏ္ဍာ/အခွန်)၊ ကျော်ခိုင်ဝင်း (စွမ်းအင်)၊ စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)၊ မင်းသူ(စီးပွား/ကူးသန်း)၊ ထွန်းထွန်းနောင် (မြို့တော်စည်ပင်)၊ အလယ်တန်း အောင်ကျော်မိုး (ဘဏ္ဍာ/အခွန်)၊ မိုးကျော်သူ (ဘဏ္ဍာ/အခွန်)၊ လာကျဲအိုလွယ် (ဆောက်လုပ်ရေး)၊ တင့်နိုင်ထွန်း သိန်း(မြို့တော်စည်ပင်)၊ သက်နိုင်စိုး (မြို့တော်စည်ပင်)၊ ရေ့တန်း မျိုးလှိုင်ဝင်း (ဘဏ္ဍာ/အခွန်)၊ ရန်ပိုင် (ဘဏ္ဍာ/အခွန်)၊ အောင်ကျော်ထွန်း (သစ်တော)နှင့် စန်းမောင်(ကာကွယ်ရေး)စုစုပေါင်း ၁၈ ဦး ပါဝင်ကြသည်။ ယင်းအသင်းကို ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီမှ လေ့ကျင့်ပေးသွားမည်ဖြစ်သည်။

(၂၃)နှစ်အောက် လက်ရွေးစင်အသင်း

(၂၃)နှစ်အောက် လက်ရွေးစင်အသင်းတွင် ဂိုးသမား ကျော်မင်းလှိုင် (စွမ်းအင်)၊ ဖြိုးမင်းမောင် (ပို့ဆောင်ရေး)၊ နောက်တန်း မျိုးကျော်အောင် (မြို့တော်စည်ပင်)၊ ဝင်းမင်းထွဋ်၊ ကျော်ဇေယျာမင်း၊ ကျော်ဒွန်း၊ ကျော်ဇေယျာဝင်း(အားလုံးပို့ဆောင်ရေး)၊ ခင်မောင်ထွန်း၊ အောင်ထွန်းလင်း (အားလုံး ဘဏ္ဍာ/အခွန်)၊ မိုးဝင်း (စီးပွား/ကူးသန်း)၊ အလယ်တန်း မျိုးမင်းထွန်း (စီးပွား/ကူးသန်း)၊ နေဝင်း(ကမ္ဘောဇ)၊ စိုးသီဟအောင် (ဆောက်လုပ် ရေး)၊ထွန်းထွန်းဝင်း (ဘဏ္ဍာ/အခွန်)၊ဇော်ဇော်(မြို့တော်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

အင်တာနက်သတင်းများ

သွေးစစ်ကိရိယာသစ် ဂျပန်သိပ္ပံပညာရှင်များတီထွင်

တိုကျို မတ် ၆

ဂျပန်သိပ္ပံပညာရှင်များသည် သွေးစစ်ကိရိယာသစ်တစ်မျိုးကို တီထွင်လိုက်ကြောင်း၊ သွေးခဲခြင်းကို ကုသရာတွင် တိကျသော ဆေးညွှန်းကို ယင်းကိရိယာဖြင့် မိနစ် ၈၀ အတွင်း ဖော်ထုတ်ပေးနိုင်ကြောင်း ယိုမူရီရှင်ဘွန်းသတင်းစာက တနင်္လာနေ့တွင် ဖော်ပြသည်။

အဆိုပါကိရိယာကို တိုကျိုတက္ကသိုလ်၊ ရှီမူဇူကော်ပိုရေးရှင်းနှင့် တော့ပန်ပုံနှိပ်ရေးကုမ္ပဏီတို့က တီထွင်ထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။ သွေးတစ်စက်ကို ယင်းကိရိယာဖြင့် စစ်ဆေးကြည့်ရာမှ ဒူလာရောဂါနှင့် ကင်ဆာရောဂါတို့အတွက် လိုအပ်သည့် ဆေးညွှန်းကို ဖော်ထုတ်ပေးနိုင်သည်။

သွေးခဲခြင်းကို ကုသရာတွင် အသုံးပြုလျက်ရှိသည့် ဝါဖရင်ဆေးကို မသင့်လျော်သော ဆေးအချိန်အဆဖြင့် ကာလကြာရှည်စွာ သောက်သုံးခဲ့လျှင် နာတာရှည် နှာခေါင်းသွေးယိုခြင်းနှင့် ဦးနှောက်သွေးကြောပေါက်ခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။

ယင်းအခက်အခဲကို ဖြေရှင်းရန်အတွက် သွေးခဲခြင်းနှင့် ဇီဝတွင်းဖြစ်ပျက်မှုတို့နှင့်

စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ✧



ဂျပန်နိုင်ငံ သုတေသနဓာတ်ခွဲခန်းတစ်ခန်းရှိ စက်ကိရိယာများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂရိနိုင်ငံရှိ ရှေးဟောင်းမြို့စောင့်ခံတပ် ထိန်းသိမ်းရေး တောင်တက်သမားများ၏ အကူအညီကို ရယူမည်

အေသင် မတ် ၇

ဂရိနိုင်ငံ ယဉ်ကျေးမှုအရ အဖိုးအနဂ္ဃအထိုက်အတန်ဆုံး ရှေးဟောင်းအဆောက်အအုံဖြစ်သော အက်ခရိုပိုလစ် (Acropolis) အဆောက်အအုံ **(အပေါ်ပုံ)** ထိန်းသိမ်းရေးလုပ်ငန်းတွင် တောင်တက်သမားများ၏ အကူအညီကို ရယူဆောင်ရွက်မည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသန အထက်တန်း တာဝန်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

အက်ခရိုပိုလစ်အဆောက်အအုံသည် သက်တမ်းနှစ်ပေါင်း ၂၃၀၀ရှိ ရှေးဟောင်းမြို့စောင့်ခံတပ်ဖြစ်သည်။ ရှေးဟောင်း သုတေသန ပညာရှင်များသည် အက်ခရိုပိုလစ်အဆောက်အအုံ၏ ပျက်စီးထိခိုက်မှု အခြေအနေကို အတိအကျသိရှိနိုင်စေရေးအတွက် အီလက်ထရွန်နစ်စနစ်သုံး ထောက်လှမ်းစောင့်ကြည့်ရေးကိရိယာများကို ယင်းအဆောက်အအုံ၏ တောင်ဘက်ခြမ်း အုတ်နံရံအထက်တွင် တပ်ဆင်ထားရှိရန် တောင်တက်သမားများ၏အကူအညီကို ရယူမည်ဖြစ်သည်။

အက်ခရိုပိုလစ် မြို့စောင့်ခံတပ်နံရံတွင် အာရုံခံကိရိယာများ တပ်ဆင်ထားခြင်းဖြင့် ရာစုနှစ်ပေါင်းများစွာ မြေဆီလွှာ တိုက်စားမှုနှင့် ရေတိုက်စားမှုတို့ကြောင့် မြို့စောင့်ခံတပ်ပျက်စီးရမှုနှင့် သက်ဆိုင်နေသော သတင်းအချက်အလက်များကို ရယူနိုင်မည်ဖြစ်သည်။ အက်ခရိုပိုလစ် မြို့စောင့်ခံတပ်၏တောင်ဘက်နံရံမှာ ၅၉ပေမြင့်သည်။ **အင်တာနက်။**

တောင်ငူမြို့၌ ဗုံးထောင်ဖောက်ခွဲခဲ့သည့် ကေအင်န်ယူ အကြမ်းဖက်သမားကို နေ့ချင်းဖမ်းဆီးရမိ

ရန်ကုန် မတ် ၇

တောင်ငူမြို့၌ မတ် ၂ ရက်က အမှတ်(၁၉)ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအနီး၌ လည်းကောင်း၊ အမှတ်(၂၀) ရပ်ကွက်ရှိ E.P.C ထရန်စဖော်မာရုံအနီး၌လည်းကောင်း ဗုံးပေါက်ကွဲမှု နှစ်ကြိမ် ဖြစ်ပွားခဲ့ခြင်းကို မတ် ၃ ရက် သတင်းစာများတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။ အဆိုပါ ဗုံးပေါက်ကွဲမှုများနှင့်ပတ်သက်၍ တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ပြည်သူလူထုတို့၏ ပူးပေါင်းဖော်ထုတ်မှုကြောင့် ဗုံးထောင် ဖောက်ခွဲခဲ့သည့် အကြမ်းဖက်သမားဖြစ်သူအား ယင်းနေ့ညနေ ၄ နာရီတွင် တောင်ငူမြို့ အမှတ်(၂၀)ရပ်ကွက်၌ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူ အကြမ်းဖက်သမားမှာ ကေအင်န်ယူ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ တပ်မဟာ(၅) ဌာနချုပ်မှ တပ်သားအဆင့်ရှိသူ စောဂေသေးမူး (ခေါ်) စောနေလ (ခေါ်) စောဘောရွှေဟဲ (၂၄)နှစ်ဆိုသူ ဖြစ်ကြောင်းနှင့် ၎င်းနှင့် ဆက်စပ်သတင်းအချက်အလက်များကို ဆက်လက်ဖော်ထုတ်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)